# မြန်မာနိုင်ငံ REDD+
# လူမှုရေးနှင့်ပတ်ဝန်းကျင်
# ကာကွယ်စောင့်ရှောက်မှုများ လမ်းပြမြေပုံ

*ရှေ့ပြေးစာတမ်း - ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ မှားရှင်း*

# မာတိကာ


အတိုကောက်ဝေါဟာရများ ..... 4

အနှစ်ချုပ် ..... 9

၁။ မိတ်ဆက်နိဒါန်း ..... 11

၂။ REDD+ ကာကွယ်စောင့်ရှောက်မှုများအတွက် မြန်မာနိုင်ငံမှ ချဉ်းကပ် ဆောင်ရွက်မည့် နည်းလမ်း၏ ပန်းတိုင်များနှင့် လွှမ်းခြုံမှုအတိုင်းအတာ ..... 14

၃။ UNFCCC အောက်ရှိ REDD+ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ လိုအပ်ချက်များ ..... 16

၄။ REDD+ကာကွယ်စောင့်ရှောက်မှုများနှင့်ဆက်နွယ်သည့် မြန်မာနိုင်ငံရှိ ယခင်က/လက်ရှိဆောင်ရွက်နေဆဲ လုပ်ငန်းများ ..... 18

၅။ ကာကွယ်စောင့်ရှောက်မှုများအတွက် မြန်မာနိုင်ငံမှ ချဉ်းကပ်ဆောင်ရွက် မည့် နည်းလမ်းကို ချမှတ်ခြင်း ..... 20

၅-၁။ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံတစ်နိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းနှင့် SIS ကို ချမှတ်တည်ထောင်ရန်အတွက် ယေဘုယျလုပ်ငန်းအဆင့်များ ..... 21

၅-၂။ ကာကွယ်စောင့်ရှောက်မှုများအတွက် မြန်မာနိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းနှင့် အဆင့်ဆင့်ဆောင်ရွက်သွားရမည့် လုပ်ငန်းများ ..... 26

အကျိုးဆက်စပ်ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း ..... 27

ချမှတ်ကျင့်သုံးနိုင်ခြေရှိသော မူဝါဒများနှင့် နည်းလမ်းများ၏ အကျိုးအပြစ်များကို ဆန်းစစ် အကဲဖြတ်ခြင်း ..... 29

PLR များ၊ ၎င်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လိုအပ်သော အဖွဲ့အစည်းဆိုင်ရာ အစီအမံများကို သတ်မှတ်ဖော်ထုတ်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အားကောင်းစေခြင်း ..... 30

ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံ၏ အခြေအနေများနှင့်ကိုက်ညီကာ ရှင်းရှင်းလင်းလင်း သတ်မှတ်ဖွင့်ဆိုခြင်း ..... 31

သတင်းစနစ်များနှင့် ရင်းမြစ်များကို သတ်မှတ်ဖော်ထုတ်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အားကောင်း စေခြင်း ..... 32

ကာကွယ်စောင့်ရှောက်မှုများကို လက်တွေ့ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် လုပ်ထုံး လုပ်နည်းဆိုင်ရာ အစီအမံများကို သတ်မှတ်ဖွင့်ဆိုခြင်း ..... 33

၆။ အဓိကလုပ်ဆောင်မည့်သူများနှင့် အချိန်ကာလသတ်မှတ်ချက်များအပါအဝင် ဦးစားပေးလုပ်ငန်းများ အတွက် လုပ်ငန်းအစီအစဉ် ..... 34

**နောက်ဆက်တွဲ ၁** ..... 44

က-၁။ လမ်းပြမြေပုံရေးဆွဲရန် လုပ်ငန်းစဉ် ..... 44

က-၂။ အလုပ်ရုံဆွေးနွေးပွဲတွင် ကျင်းပသော အဖွဲ့လိုက်ဆွေးနွေးမှုများ၏ ရလဒ်များ ..... 46

က-၃။ အလုပ်ရုံဆွေးနွေးပွဲနှင့် အကြိုဆွေးနွေးပွဲ အစီအစဉ်..........................................................................56

# အတိုကောက်ဝေါဟာရများ

| | |
|---|---|
| ACS | Adventist Community Services |
| ADB | Asian Development Bank<br>အာရှဖွံ့ဖြိုးရေးဘဏ် |
| ALARM | Advancing Life and Regenerating Motherland |
| BANCA | Biodiversity and Nature Conservation Association<br>ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ |
| CAS | Country Approach to Safeguards<br>လူမှုရေးနှင့် ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုများအတွက်<br>နိုင်ငံအလိုက်ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်း |
| CAST | Country Approach to Safeguards Tool<br>လူမှုရေးနှင့် ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုများအတွက်<br>နိုင်ငံအလိုက်ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းအတွက် အထောက်အကူ |
| CFI | Community Forestry Instruction<br>ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာလမ်းညွှန်ချက်များ |
| CFNWG | Community Forestry National Working Group<br>အစုအဖွဲ့ပိုင်သစ်တောအမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ |
| CHRO | Chin Human Rights Organization<br>ချင်းလူ့အခွင့်အရေးအဖွဲ့ |
| CSO | Civil Society Organization<br>အရပ်ဘက်လူမှုအဖွဲ့အစည်း |
| DALMS | Department of Agricultural Land Management and Statistics<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန |
| DICA | Directorate of Investment and Company Administration<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန |
| DOA | Department of Agriculture<br>စိုက်ပျိုးရေးဦးစီးဌာန |
| DOP | Department of Planning<br>စီမံကိန်းဦးစီးဌာန |
| DSW | Department of Social Welfare<br>လူမှုဝန်ထမ်းဦးစီးဌာန |
| DZGD | Dry Zone Greening Department<br>အပူပိုင်းဇုန်စိမ်းလန်းရေးဦးစီးဌာန |

| | |
|---|---|
| ECD | Environmental Conservation Department<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| EGG | Ever Green Group |
| EIA | Environmental Impact Assessment<br>ပတ်ဝန်းကျင်အကျိုးသက်ရောက်မှု ဆန်းစစ်လေ့လာချက် |
| EITI | Extractive Industries Transparency Initiative<br>တွင်းထွက်သယံဇာတတူးဖော်ရေးစက်မှုလုပ်ငန်းများပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး |
| FD | Forest Department<br>သစ်တောဦးစီးဌာန |
| FLEGT | Forest Law Enforcement, Governance and Trade<br>သစ်တောဥပဒေလိုက်နာစေခြင်း၊ ထိန်းချုပ်ခြင်းနှင့်ကုန်သွယ်မှု |
| FLU | Farmers and Land workers Union<br>လယ်သမားနှင့် မြေယာလုပ်သားများအစည်းအရုံး |
| FOW | Friends of Wildlife<br>တောရိုင်းတိရစ္ဆာန်မိတ်ဆွေများအသင်း |
| FPIC | Free, Prior and Informed Consent<br>ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားရယူခြင်း |
| FREDA | Forest Resource Environment Development and Conservation Association<br>သစ်တောသယံဇာတနှင့် ပတ်ဂန်းကျင်ဖွံ့ဖြိုးတိုးတက်မှုအသင်း |
| FRI | Forest Research Institute<br>သစ်တောသုတေသနဌာန |
| FSWG | Food Security Working Group<br>စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးစုပေါင်းအဖွဲ့ |
| GAD | General Administrative Department<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဂန်ကြီးဌာန |
| GCF | Green Climate Fund |
| INGO | International Non-governmental Organization<br>နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ |
| ITTO | International Tropical Timber Organization |
| IUCN | International Union for Conservation of Nature<br>နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ |
| KCWG | Kachin State Conservation Working Group<br>ကချင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ |
| KMSS | Karuna Myanmar Social Services |

| | |
|---|---|
| | ဂရုဏာမြန်မာလူမှုဖွံ့ဖြိုးရေး |
| LCG | Land Core Group |
| | မြေယာမဏ္ဍိုင်အဖွဲ့ |
| LIOH | Land in Our Hands Network |
| | ဒို့မြေကွန်ရက် |
| MCDC | Mandalay City Development Committee |
| | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| MERN | Myanmar Environmental Rehabilitation- conservation Network |
| | မြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ကွန်ရက် |
| MFA | Myanmar Forest Association |
| | မြန်မာ့သစ်တောအဖွဲ့ |
| MFPMF | Myanmar Forest Products Merchants Federation |
| | မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ် |
| MOALI | Ministry of Agriculture, Livestock and Irrigation |
| | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန |
| MOC | Ministry of Construction |
| | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| MOEA | Ministry of Ethnic Affairs |
| | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| MOEE | Ministry of Electricity and Energy |
| | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| MOHA | Ministry of Home Affairs |
| | ပြည်ထဲရေးဝန်ကြီးဌာန |
| MOI | Ministry of Information and Communication |
| | ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| MONREC | Ministry of Natural Resources and Environmental Conservation |
| | သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန |
| MOPF | Ministry of Planning and Finance |
| | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| MRLG | Mekong Region Land Governance Project |
| | မဲခေါင်ဒေသမြေယာအုပ်ချုပ်ရေးစီမံချက် |
| MSW | Ministry of Social Welfare |
| | လူမှုဝန်ထမ်းဝန်ကြီးဌာန |
| MTLAS | Myanmar Timber Legality Assurance System |
| NAG | Network Activities Group |

| | | |
|---|---|---|
| | ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ |
| NGO | Non-governmental Organization<br>အစိုးရမဟုတ်သော အဖွဲ့အစည်းများ |
| NSPAW | National Strategic Plan for the Advancement of Women<br>အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း |
| PaMs | Policies and Measures<br>မူဝါဒများနှင့်နည်းလမ်းများ |
| PES | Payment for Ecosystem Services<br>ဂေဟစနစ်ဝန်ဆောင်မှုများအတွက် ပေးချေမှုများ |
| PLRs | Policies, Laws and Regulations<br>မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ |
| POINT | Promotion of Indigenous and Nature Together<br>ရိုးရာဂုဏ်ကျင်မြှင့်တင်ရေးအဖွဲ့ |
| REAM | Renewable Energy Association of Myanmar<br>မြန်မာနိုင်ငံပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသင်း |
| RECOFTC | Centre for People and Forests |
| REDD+ | Reducing Emissions from Deforestation and forest Degradation, plus the conservation and enhancement of forest carbon stocks, and the sustainable management of forests<br>သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျော့ချခြင်းနှင့် သစ်တောထိန်းသိမ်းကာကွယ်ခြင်း၊ စဉ်ဆက်မပြတ်စီမံအုပ်ချုပ်ခြင်းနှင့် သစ်တောကာဗွန်ရင်းမြစ်များ ပိုမိုတိုးမြင့်စေခြင်း လုပ်ငန်းစဉ်များ |
| SDGs | Sustainable Development Goals<br>စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ |
| SEA | Strategic Environmental Assessment<br>မဟာဗျူဟာကျပတ်ဝန်းကျင်ဆန်းစစ်လေ့လာချက် |
| SIA | Social Impact Assessment<br>လူမှုရေးသက်ရောက်မှုဆန်းစစ်လေ့လာချက် |
| SIS | Safeguards Information System<br>ပတ်ဝန်းကျင်နှင့် လူမှုရေးကာကွယ်စောင့်ရှောက်မှုများသတင်းအစနစ် |
| SSA | Strategic Social Assessment<br>မဟာဗျူဟာကျလူမှုရေးဆန်းစစ်လေ့လာချက် |
| SSID | Small Scale Industries Department<br>အသေးစားစက်မှုလုပ်ငန်းများဦးစီးဌာန |

| | |
|---|---|
| TLAS | Timber Legality Assurance System |
| TNGL | The Northern Green Lights |
| TNI | Transnational Institute |
| TWG | Technical Working Group<br>နည်းပညာလုပ်ငန်းအဖွဲ့ |
| TWG-D&S | Technical Working Group on Drivers and Strategy<br>သစ်တောထိခိုက်ပြုန်းတီးမှုကိုဖြစ်သော အကြောင်းများနှင့်<br>မဟာဗျူဟာနည်းပညာလုပ်ငန်းအဖွဲ့ |
| TWG-SES | Technical Working Group on Stakeholder Engagement and Safeguards<br>အကျိုးဆက်စပ်ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှုနှင့်<br>ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ |
| UAGO | Union Attorney General’s Office<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| UNEP-WCMC | UN Environment World Conservation Monitoring Centre |
| UNICEF | United Nations Children’s Fund<br>ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ |
| UMFCCI | Union of Myanmar Federation of Chambers of Commerce and Industry<br>မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း |
| UNFCCC | United Nations Framework Convention on Climate Change<br>ကုလသမဂ္ဂရာသီဥတုပြောင်းလဲရေးထိန်းချုပ်ရေးဆိုင်ရာသဘောတူညီချက် |
| UN-REDD Programme | United Nations Collaborative Programme on Reducing Emissions from Deforestation and Forest Degradation in Developing Countries<br>ကုလသမဂ္ဂ REDD+ ဆိုင်ရာ အစီအစဉ် |
| VPA | Voluntary Partnership Agreement<br>ဥရောပသမဂ္ဂနှင့် တရားဝင်သစ်ရောင်းဝယ်မှုသဘောတူစာချုပ် |
| WCS | Wildlife Conservation Society<br>သားငှက်ထိန်းသိမ်းရေးအဖွဲ့ |
| YCDC | Yangon City Development Committee<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |

# အနှစ်ချုပ်

ဤ ရေ့ပြေးစာတမ်းတွင် မြန်မာနိုင်ငံ၏ REDD+ ဆိုင်ရာ လူမှုရေးနှင့် ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်ရမည့် နည်းလမ်းတစ်ခုကို ချမှတ်ရန် လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်အား ခြုံငုံ တင်ပြထားပါသည်။ လူမှုရေးနှင့် ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေ သော အကျိုးဆက်စပ်သူအားလုံးသည် လုပ်ငန်းစဉ်ကို ရှင်းရှင်းလင်းလင်းနားလည်သဘောပေါက်ပြီး အခြား စိတ်ပါဝင်စားသောသူများသည်လည်း ဤသတင်းအချက်အလက်များကို လက်လှမ်းမီရရှိစေဖို့ရန် ရည်ရွယ်ပါသည်။

၂၀၁၀ခုနှစ်တွင် UNFCCC အဖွဲ့ဝင်နိုင်ငံများ၏ ၁၆ကြိမ်မြောက်ညီလာခံတွင် REDD+ အတွက် ဆောင်ရွက်ပေးရမည့် လူမှုရေးနှင့် ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှုများကို ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ ထိုကာကွယ်စောင့်ရှောက်မှုများကို လက်တွေ့ကျင့်သုံးဆောင်ရွက်ရန်အတွက် နိုင်ငံအဆင့်တွင် ပွင့်လင်းမြင်သာပြီး ထိရောက်သော လုပ်ငန်းစဉ်တစ်ခု ချမှတ်လုပ်ဆောင်ရပါမည်။ သို့မှသာလျှင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သစ်တောနှင့် မြေအသုံးချမှုကဏ္ဍများတွင် အန္တရာယ်လျော့ပါးသက်သာရေး ဆောင်ရွက်ချက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမှုရေးသာတူညီမျှမှုတို့အား မထိခိုက်စေဘဲ ဆောင်ရွက်သွားလိမ့်မည်ဟူ၍ အကျိုးဆက်စပ်သူများက ယုံကြည်ကာ ထောက်ခံအားပေးမှုကို ရရှိနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအစိုးရသည် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်စောင့်ရှောက်ခြင်း၊ ကုန်းမြေထိခိုက်ပျက်စီးမှုများကို တားဆီးခြင်း၊ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ တိုးတက်စေခြင်းနှင့် ရာသီဥတုပြောင်းလဲမှုများနှင့် လိုက်လျော်ညီထွေ ပြောင်းလဲနိုင်ရန် ကူညီပေးခြင်း နည်း လမ်းများဖြင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင် ဆောင်ရွက်ရန်အလို့ငှာ REDD+ ကို အခွင့်အလမ်းတစ်ခုအဖြစ် အသုံးပြုရန် ရည်ရွယ်ထားပါသည်။ ဤရည်ရွယ်ချက် အောင်မြင်ရေး အတွက် အဓိကကျသောလုပ်ငန်းမှာ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ အမျိုးသားအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းတစ်ခုကို ချမှတ်ခြင်း ဖြစ်ပြီး ယခုစာတမ်းတွင် ဖော်ပြထားသော ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ လမ်းပြမြေပုံမှလုပ်ငန်းများ ပါဝင်မည် ဖြစ်ပါသည်။

ဤလမ်းပြမြေပုံကို REDD+အတွက် အကျိုးဆက်စပ်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရေးနှင့် ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ (TWG-SES) ၏ ဦးဆောင်မှုဖြင့် ၂၀၁၇ခုနှစ်တွင် ရေးဆွဲခဲ့ခြင်း ဖြစ်ပြီး TWG အဖွဲ့ဝင်များ၊ အခြားအကျိုးဆက်စပ်သူများနှင့် မြန်မာနိုင်ငံအမျိုးသား UN-REDD အစီအစဉ်အဖွဲ့တို့မှ ပါဝင်ခြင်း၊ သုံးသပ်ပေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ လမ်းပြမြေပုံတွင် မြန်မာနိုင်ငံ၏ လူမှုရေးနှင့် ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှုများအတွက် အဆိုပြုထားသော ပန်းတိုင်များနှင့် ချဉ်းကပ်ဆောင်ရွက်ရမည့် နည်းလမ်း၏ လွှမ်းခြုံရမည့် အတိုင်းအတာ၊ ကာကွယ်စောင့်ရှောက်မှုများအတွက် UNFCCC ၏ သတ်မှတ်ချက်များ အကျဉ်းချုပ်နှင့် ကာကွယ်စောင့်ရှောက်မှုလမ်းပြမြေပုံနှင့် ဆက်နွယ်သည့် မြန်မာနိုင်ငံရှိ ဆောင်ရွက်ပြီးစီးသော သို့မဟုတ် ဆောင်ရွက်ဆဲ လုပ်ဆောင်ချက်များကို ဖော်ပြပါရှိပါသည်။ ဤစာတမ်းတွင် ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မည့်နည်းလမ်းကို ချမှတ်ရန် သဘောတရားမူဘောင်တစ်ရပ်ကို တင်ပြထားသကဲ့သို့ ‸ TWG-SES အတွင်း ဆွေးနွေးမှုများနှင့်အညီ မြန်မာနိုင်ငံတွင် ဆောင်ရွက် ရမည့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲထားသော လုပ်ငန်းအဆင့်ဆင့်ကို လည်း တင်ပြထားပါသည်။ လမ်းပြမြေပုံကို ရေးဆွဲရန် အသုံးပြုသည့်

လုပ်ငန်းစဉ်နှင့်သက်ဆိုင်သော နောက်ခံ သတင်းအချက်အလက်များကို ဖော်ပြထားသသကဲ့သို့ လျာထားသော လုပ်ငန်းများ၊ တာဝန်ခွဲဝေမှုများနှင့် အချိန်ကာလ သတ်မှတ်ချက်များ အကျဉ်းချုပ်ပါဝင် လုပ်ငန်းအစီအစဉ်တစ်ခုကိုလည်း ဖော်ပြထားပါသည်။

TWG-SES ၏ လမ်းညွှန်မှုအောက်တွင် REDD+ ကာကွယ်စောင့်ရှောက်မှုများအတွက် မြန်မာနိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်ရမည့် နည်းလမ်းကို ချမှတ်ရန် အဆိုပြုထားသော လုပ်ငန်းအဆင့်ဆင့်ကို အနှစ်ချုပ်တင်ပြရလျှင် အောက်ပါအတိုင်း ဖြစ်ပါသည် -

၁။ အကျိုးဆက်စပ်သူများ၏ နောက်ဆုံးအချက်အလက်များကို စဉ်ဆက်မပြတ်လေ့လာစာရင်းပြုစုခြင်း၊ သင်တန်းပေးခြင်း၊ စွမ်းရည်မြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေဖလှယ်ခြင်းများအပါအဝင် အကျိုးဆက်စပ်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း၊

၂။ အလားအလာရှိသည့် မူဝါဒများနှင့် နည်းလမ်းများ (PAMs) ၏ အကျိုးအပြစ်များကို နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အကျိုးဆက်စပ်သူပေါင်းစုံနှင့် တိုင်ပင်ဆွေးနွေးသည့် နည်းလမ်းအပါအဝင် သင့်လျော်သည့်နည်းလမ်းများဖြင့် ဆန်းစစ်အကဲဖြတ်ခြင်း၊

၃။ မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ (PLRs)၊ ၎င်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ၎င်းတို့နှင့်ဆက်နွယ်သော အဖွဲ့အစည်းဆိုင်ရာစီမံထားရှိမှုများကို သတ်မှတ်ဖော်ထုတ်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ပိုမိုအားကောင်းအောင် လုပ်ဆောင်ခြင်း၊

၄။ REDD+ ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံ၏ အခြေအနေများနှင့် ဆီလျော်စွာ ရှင်းရှင်းလင်းလင်း ဖွင့်ဆိုသတ်မှတ်ခြင်း၊

၅။ ကာကွယ်စောင့်ရှောက်မှုများနှင့် သက်ဆိုင်သော သတင်းအချက်အလက် စနစ်များနှင့် ရင်းမြစ်များကို သတ်မှတ်ဖော်ထုတ်ခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် အားကောင်းအောင် လုပ်ဆောင်ခြင်း၊ ထိုအထဲတွင် သတင်းအချက်အလက်များ ကောက်ယူစုဆောင်းခြင်း၊ အတည်ပြုခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်းနည်းလမ်းများ ချမှတ်ခြင်းနှင့် သင့်လျော်သော အဖွဲ့အစည်းဆိုင်ရာ အစီအမံများ ချမှတ်ထားရှိခြင်းတို့ ပါဝင်ပါမည်။

၆။ REDD+အကောင်အထည်ဖော်မှုတွင် ကာကွယ်စောင့်ရှောက်မှုများကို လက်တွေ့ကျင့်သုံးနိုင်ရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အစီအမံများကို သတ်မှတ်ထားရှိခြင်း။

ဤလမ်းပြမြေပုံကို ရှေ့ပြေးစာတမ်း (working paper) တစ်ခုအဖြစ်သာ မှတ်ယူသင့်ပြီး အကျိုးဆက်စပ်သူများမှ အနာဂတ်တွင် လိုအပ်သလို ပြင်ဆင်ပြောင်းလဲဖြည့်စွက်သွားနိုင်ပါသည်။ ကာကွယ်စောင့်ရှောက်မှုများအတွက် အစီအစဉ်ရေးဆွဲထားသော လုပ်ငန်းများကို ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်လာသောအခါ ကာကွယ်စောင့်ရှောက်မှုများအတွက် မြန်မာနိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်း၏ အဆင့်များ၊ လုပ်ငန်းစဉ်များနှင့် လုပ်ဆောင်ချက် များကို လိုအပ်သလို ညှိနှိုင်းပြင်ဆင်မှုများ ပြုလုပ်ကောင်း ပြုလုပ်နိုင်ပါသည်။

## ၁။ မိတ်ဆက်နိဒါန်း

မြန်မာနိုင်ငံသည ယခုအခါ REDD+[1] ၌ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပါ သည်။ REDD+ ဆိုသည်မှာ နိုင်ငံတကာ သဘောတူညီမှုဖြင့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေး ဆိုင်ရာ သဘောတူညီချက် (UNFCCC) မှ သတ်မှတ်ထားသော ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာရေး အတွက် ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းတစ်ခု ဖြစ်ပါသည်။

REDD+ ၏ အဓိကရည်မှန်းချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ သစ်တောကာဗွန်ပမာဏများကို ထိန်းသိမ်းခြင်းနှင့် တိုးမြင့်စေခြင်းဖြင့် လေထုတွင်းရှိ မှန်လုံအိမ်ဓာတ်ငွေ့ ပါဝင်မှုနှုန်းကို လျှော့ချရန်အတွက် ဖြစ်ပါသည်။ REDD+ လုပ်ဆောင်ချက်များသည် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာရေးသာမက လူမှုရေးနှင့် ပတ်ဝန်းကျင် ဆိုင်ရာ ကောင်းကျိုးများကို ရရှိစေမည့် အလားအလာရှိကြောင်း REDD+ ဆိုင်ရာ UNFCCC ဆုံးဖြတ်ချက် များတွင်လည်း အသိအမှတ်ပြုထားပါသည်။ ဥပမာ သစ်တောကို မှီခိုအားထားနေရသော ရပ်ရွာလူမှုအသိုင်း အဝိုင်းများ၏ အသက်မွေးမှုလုပ်ငန်းများကို တိုးတက်စေခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသော သစ်တော နယ်မြေများကို ထိန်းသိမ်းစောင့်ရှောက်ရန် အထောက်အကူဖြစ်ပြီး ရေအရင်းအမြစ်ထိန်းညှိပေးခြင်းကဲ့သို့သော သစ်တောများမှ ဆောင်ရွက်ပေးသည့် အခြားဂေဟစနစ်ဝန်ဆောင်မှုများကို တိုးတက်စေနိုင်ပါသည်။ လူများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများ မရှိစေရန် ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ကြောင်း ကိုလည်း UNFCCC ဆုံးဖြတ်ချက်များတွင် အလေးပေးဖော်ပြထားပါသည်။ ဥပမာ REDD+ ဆောင်ရွက် ချက်များကြောင့် မြေလုပ်ပိုင်ခွင့်နှင့် အရင်းအမြစ်များကို လက်လှမ်းမီမှုတို့နှင့်စပ်လျဉ်းသည့် ပဋိပက္ခများ ပေါ် ပေါက်လာမည်ပါက သို့မဟုတ် ထိုလုပ်ဆောင်ချက်များသည် မြေအသုံးချမှုဖိအားများကို တစ်နေရာမှ အခြား တစ်နေရာသို့ ရွှေ့ပြောင်းရောက်ရှိသွားစေမည်ဆိုပါက နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါသည်။

REDD+ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းရာတွင် ကောင်းကျိုးရလဒ်များသာ ထွက်ပေါ်စေမည့် နည်းလမ်း ဖြင့် ဆောင်ရွက်နိုင်အောင် နိုင်ငံများကို လမ်းညွှန်ပေးရန်ရည်ရွယ်ချက်ဖြင့် REDD+ အတွက် လူမှုရေးနှင့် ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မှုများကို ၂၀၁၀ခုနှစ် မက္ကစီကိုနိုင်ငံ၊ ခန်ခွန်းတွင် ကျင်းပသော ၁၆ကြိမ် မြောက် UNFCCC အဖွဲ့ဝင်နိုင်ငံများ ညီလာခံတွင် သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ နိုင်ငံအဆင့်တွင် အဆိုပါ ကာကွယ်စောင့်ရှောက်မှုများ (ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများဟုလည်း ခေါ်ဆို) ကို ကျင့်သုံးဖော်ဆောင်မည့် ပွင့်လင်းမြင်သာထိရောက်သော လုပ်ငန်းစဉ်တစ်ခုကို ချမှတ်ဆောင်ရွက်မည်ဆိုပါက သစ်တောနှင့် မြေအသုံးချမှု ကဏ္ဍများတွင် ဆောင်ရွက်မည့် အန္တရာယ်လျော့ပါးသက်သာရေးလုပ်ဆောင်ချက်များကို ပတ်ဝန်းကျင်နှင့် လူမှု ရေးသာတူညီမျှရှိမှုတို့အား ထိခိုက်စေမှုမရှိဘဲ ဆောင်ရွက်သွားလိမ့်မည်ဟု အကျိုးဆက်စပ်သူများမှ ယုံကြည် စိတ်ချကြမည်ဖြစ်ပြီး ၎င်းတို့အား စိတ်ပူပန်ခြင်းမရှိအောင် အာမခံချက်ပေးနိုင်မည် ဖြစ်ပါသည်။[2]

---

[1] UNFCCC အောက်တွင် သတ်မှတ်ထားသော REDD+ တွင် ပါဝင်သည့် လုပ်ငန်းများမှာ - Reducing Emissions from Deforestation and forest Degradation; plus - (သစ်တောပြုန်းတီးမှုများနှင့် သစ်တောအတန်းအစားကျဆင်းမှုများမှ ကာဗွန်ထုတ် လွှတ်မှု လျှော့ချခြင်း)၊ နှင့် သစ်တောများ ထာဝရတည်တံ့စေရန် စီမံအုပ်ချုပ်လုပ်ကိုင်မှု၊ သစ်တောကာဗွန်ပမာဏများကို ထိန်းသိမ်း စောင့်ရှောက်မှုနှင့် သစ်တောကာဗွန်ပမာဏများ တိုးပွားစေမှု (UNFCCC ဆုံးဖြတ်ချက် 1/CP.16၊ အပိုဒ် ၇၀)၊ အပိုင်း ၂ တွင် ထပ်မံ ရှင်းလင်းတင်ပြထားသည်များကိုလည်း ကြည့်ပါရန်။

[2] UN-REDD Programme Safeguards Coordination Group (2016). Conceptual framework for country approaches to safeguards. Technical Brief 02. UN-REDD Programme, Geneva, Switzerland.

ဇီဝမျိုးစုံမျိုးကွဲများကဲ့သို့သော နိုင်ငံတကာသဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ခြင်း၊ ကုန်းမြေထိခိုက်ပျက်စီးမှုများကို တားဆီးကာကွယ်ခြင်း၊ ကျေးလက်ဒေသနေ ဆင်းရဲနွမ်းပါးသူများ၏ အသက်မွေးမှုလုပ်ငန်းများကို တိုးတက်စေခြင်းနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေး ကူညီပံ့ပိုးပေးခြင်းနည်းလမ်းများမှတစ်ဆင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်အတွက် REDD+ ကို အခွင့်အလမ်းတစ်ခုအနေဖြင့် အသုံးပြုရန် ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံအစိုးရက ထုတ်ဖော်ကြေညာထားပါသည်။[3] ယခုကာကွယ်စောင့်ရှောက်မှုများ လမ်းပြမြေပုံတွင် တင်ပြထားသော REDD+ ကာကွယ်စောင့်ရှောက်မှုများအတွက် အမျိုးသားအဆင့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းတစ်ခု ချမှတ်ရန် အစီအစဉ်ရေးဆွဲထားသော လုပ်ငန်းများသည် ဤရည်ရွယ်ချက်ကို ပြည့်မြောက်စေမည့် အဓိကကျသော ခြေလှမ်းတစ်ရပ် ဖြစ်ပါသည်။

ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ လုပ်ငန်းများသည် မြန်မာနိုင်ငံအတွက် အမျိုးသား REDD+ မဟာဗျူဟာတစ်ရပ် ချမှတ်သည့် လုပ်ငန်းစဉ်နှင့်လည်း ချိတ်ဆက်မှုများ ရှိနေပါသည်။ ထိုမဟာဗျူဟာ ချမှတ်မှုလုပ်ငန်းစဉ်ကို UN-REDD အစီအစဉ်၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိပြီး ယင်းသည် REDD+ ကို အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ ပြင်ဆင်ဆောင်ရွက်နေမှုများထဲမှ တစ်ခု ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလတွင် UN-REDD မိတ်ဖက်နိုင်ငံတစ်ခု ဖြစ်လာပြီး ထိုအချိန်မှစတင်၍ UN-REDD ၏ ကူညီပံ့ပိုးမှုဖြင့် REDD+အဆင်သင့်ဖြစ်ရေး လုပ်ငန်းအမျိုးမျိုးကို ဆောင်ရွက်လာခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အမျိုးသား UN-REDD အစီအစဉ်သည် ၂၀၁၆ခုနှစ်၊ အောက်တိုဘာလတွင် စတင်အသက်ဝင်လာပါသည်။ ထိုအစီအစဉ်မှ မျှော်မှန်းထားသည့် အဓိကရလဒ်များထဲမှတစ်ခုမှာ အမျိုးသားအဆင့် REDD+ မဟာဗျူဟာကို ရေးဆွဲရန် ဖြစ်ပါသည်။ ထိုမဟာဗျူဟာတွင် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး သို့မဟုတ် သစ်တောကာဗွန်ပမာဏ တိုးပွားလာရေးတို့အတွက် ချမှတ်ဆောင်ရွက်ရမည့် မူဝါဒများနှင့် နည်းလမ်းများ (PaMs) ၏ အဓိကနယ်ပယ်များကို ဖော်ပြပေးထားမည်ဖြစ်ပြီး REDD+အတွက် စီစဉ်ဆောင်ရွက်ထားသော အဖွဲ့အစည်းဆိုင်ရာ အစီအမံများလည်း ပါဝင်ပါမည်။ တစ်ချိန်တည်းတွင် မဟာဗျူဟာ၌ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ အမျိုးသားအဆင့် ချဉ်းကပ်နည်းအတွက် မြန်မာနိုင်ငံ၏ အစီအစဉ်များကိုလည်း ဖော်ပြထားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့်UN-REDD အစီအစဉ်အတွင်းတွင် ကာကွယ်စောင့်ရှောက်မှုများသည် မျှော်မှန်းရလဒ် ၃ အောက်တွင် ပါရှိပါသည်။ မျှော်မှန်းရလဒ် ၃ မှာ *REDD+ ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံ၏ အခြေအနေများနှင့် ကိုက်ညီကာ ရှင်းရှင်းလင်းလင်းဖွင့်ဆိုသတ်မှတ်ခြင်းနှင့် အမျိုးသားအဆင့် ကာကွယ်စောင့်ရှောက်မှုများ သတင်းစနစ်တစ်ခုကို ထူထောင်ခြင်း* ဖြစ်ပါသည်။

ယခုစာတမ်းကို ရေးသားပြုစုရခြင်း၏ ရည်ရွယ်ချက်မှာ ကာကွယ်စောင့်ရှောက်မှုများအတွက် မြန်မာနိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းကို ချမှတ်ရန်အတွက် လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်များ၊ ထိုလုပ်ငန်းအဆင့်အသီးသီး၏ ရည်ရွယ်ချက်များ၊ ပြီးစီးအောင် ဆောင်ရွက်ရမည့် အချိန်ကာလသတ်မှတ်ချက်များနှင့် အကောင်အထည်ဖော်ရန်အတွက် တာဝန်ခွဲဝေမှုများကို အကျဉ်းချုပ်တင်ပြပေးရန် ဖြစ်ပါသည်။ ကာကွယ်စောင့်

---

[3] မြန်မာနိုင်ငံ REDD+ အဆင်သင့်ဖြစ်မှု လမ်းပြမြေပုံ (၂၀၁၃) ကို ကြည့်ရန်။ http://www.myanmar-redd.org/ps-admin/uploads/redd_usermanual/1442500360.pdf

ရှောက်မှုများဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသော အကျိုးဆက်စပ်သူအားလုံးသည် လုပ်ငန်းစဉ်ကြီး တစ်ခုလုံးကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်စေရန်နှင့် အခြားစိတ်ပါဝင်စားသောသူများအတွက် ဤသတင်းအချက်အလက်များ ရရှိနိုင်အောင် သင့်လျော်သလို ဆောင်ရွက်ပေးရန်လည်း ရည်ရွယ်ပါသည်။

ဤစာတမ်းကို အကျိုးဆက်စပ်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းနှင့် ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ (TWG-SES)၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် ရေးသားပြုစုခြင်း ဖြစ်ပါသည်။ လမ်းပြမြေပုံတွင် ပါဝင်ရမည့် အချက်အလက်အကြောင်းအရာများနှင့်စပ်လျဉ်း၍ ကနဦးဆွေးနွေးမှုများကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် ကျင်းပသော TWG-SES အစည်းအဝေးနှင့် ၂၀၁၇ခုနှစ်၊ မတ်လ ၂၉-၃၀ ရက်တွက် ကျင်းပသော REDD+ကာကွယ်စောင့်ရှောက်မှုများ လမ်းပြမြေပုံရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲတို့တွင် ဆွေးနွေးခဲ့ပါသည် (အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ၏ အပိုင်း ၁ တွင် ကြည့်ပါရန်)။ အဆိုပါ ဆွေးနွေးမှုများကို အခြေခံကာ UN-REDD အဖွဲ့မှ အဖွဲ့ဝင်များက စာတမ်းတစ်စောင်လုံးကို မူကြမ်းပြုစုပေးပြီး လုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်များ၊ အခြားသော ဆက်စပ်ပတ်သက်သူများသို့ ဖြန့်ဝေပေးပို့ကာ သုံးသပ်ချက်များကို တောင်းခံခဲ့ပါသည်။

အောက်ဖော်ပြပါ အပိုင်းများဖြင့် ကာကွယ်စောင့်ရှောက်မှုများအတွက် မြန်မာနိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်း၏ ပန်းတိုင်များ၊ လွှမ်းခြုံမှုအတိုင်းအတာတို့နှင့်စပ်လျဉ်း၍ တိုင်ပင်ဆွေးနွေးနေမှု အခြေအနေ (အပိုင်း ၂)၊ UNFCCC အောက်တွင် သဘောတူချမှတ်ထားသော ဆုံးဖြတ်ချက်များအရ ကာကွယ်စောင့်ရှောက်မှုများနှင့် စပ်လျဉ်း၍ နိုင်ငံများမှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် သတ်မှတ်ချက်များ (အပိုင်း ၃)၊ ဤလမ်းပြမြေပုံတွင် အစီအစဉ်ရေးဆွဲထားသော လုပ်ငန်းများနှင့်ဆက်စပ်သည့် မြန်မာနိုင်ငံတွင် ဆောင်ရွက်ပြီးစီးပြီဖြစ်သော သို့မဟုတ် ဆောင်ရွက်ဆဲဖြစ်သော လုပ်ဆောင်ချက်များ (အပိုင်း ၄) ကို တင်ပြထားပါသည်။ အပိုင်း ၅ တွင် နိုင်ငံများမှ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းများ ချမှတ်နိုင်စေရန် UN-REDD အစီအစဉ်မှ ကူညီပံ့ပိုးပေးရာတွင် အသုံးပြုသော သဘောတရားမူဘောင်ကို တင်ပြထားပါသည်။ လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်ဆင့်ကိုလည်း ရှင်းပြထားပြီး TWG-SES အတွင်း ကျင်းပပြုလုပ်ခဲ့သည့် ဆွေးနွေးတိုင်ပင်မှုများနှင့်အညီ အဆင့်တိုင်းတွင် မြန်မာနိုင်ငံမှ လုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်များကိုလည်း ချပြထားပါသည်။ အပိုင်း ၆တွင်မူ အစီအစဉ်ရေးဆွဲထားသော လုပ်ငန်းများ၊ ထိုလုပ်ငန်းများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသူမှုများနှင့် အချိန်ကာလသတ်မှတ်ချက်များ ပါဝင်သည့် လုပ်ငန်းအစီအစဉ်တစ်ခုကို ဇယားဖြင့် တင်ပြပေးထားပါသည်။ REDD+ ကာကွယ်စောင့်ရှောက်မှုများ လမ်းပြမြေပုံရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ အပါအဝင် လမ်းပြမြေပုံရေးဆွဲရာတွင် အသုံးပြုခဲ့သော လုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့် နောက်ခံအကြောင်းအရာ အချက်အလက်များကို ဤစာတမ်း၏ နောက်ဆက်တွဲတွင် ဖတ်ရှုနိုင်ပါသည်။

## ၂။ REDD+ ကာကွယ်စောင့်ရှောက်မှုများအတွက် မြန်မာနိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်း၏ ပန်းတိုင်များနှင့် လွှမ်းခြုံမှုအတိုင်းအတာ

ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံတစ်နိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်း၏ ပန်းတိုင်များနှင့် လွှမ်းခြုံမည့် အတိုင်းအတာတို့ကို ဆက်စပ်ပတ်သက်သူများကြား တူညီစွာ နားလည်သဘောပေါက်အောင် ဆောင်ရွက်ခြင်းသည် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ၏ ကနဦးအဆင့်များတွင် လုပ်ဆောင်သင့်သည့် အဓိကလုပ်ငန်းတစ်ခု ဖြစ်ပါသည် (နောက်ပိုင်းတွင် ထပ်မံသိရှိလာသော အချက်အလက်များ၊ REDD+ အကောင်အထည်ဖော်ရေးအတွက် ထွက်ပေါ်လာသော စီမံကိန်းများနှင့် ကိုက်ညီစေရန် ညှိနှိုင်းပြင်ဆင်သင့်သည်ကိုလည်း သိရှိထားရပါမည်)။ ကာကွယ်စောင့်ရှောက်မှုများအတွက် မြန်မာနိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်း၏ ပန်းတိုင်များနှင့် လွှမ်းခြုံမည့် အတိုင်းအတာတို့ကို သတ်မှတ်ရန် ကနဦးဆွေးနွေးတိုင်ပင်မှုများအား ၂၀၁၇ခုနှစ်၊ မတ်လအတွင်း ကျင်းပခဲ့သော ကာကွယ်စောင့်ရှောက်မှုများ လမ်းပြမြေပုံအလုပ်ရုံဆွေးနွေးပွဲတွင် ပြုလုပ်ခဲ့ပါသည်။ အောက်ဖော်ပြပါ ယေဘုယျအချက်များကို ထည့်သွင်းစဉ်းစားခဲ့ကြပါသည်။[4]

### ပန်းတိုင်များကို သတ်မှတ်ဖော်ထုတ်ခြင်း

မည်သည့်နိုင်ငံ၏ ချဉ်းကပ်နည်းအတွက်မဆို အရေးအကြီးဆုံးပန်းတိုင်တစ်ခုမှာ UNFCCCမှ ပြဋ္ဌာန်းထားသော ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ သတ်မှတ်ချက်များ (အပိုင်း ၃ ကို ကြည့်ရန်) ကို ပြည့်မီအောင် ဖြည့်ဆည်းရေးပင် ဖြစ်ပါလိမ့်မည်။ သို့သော် နိုင်ငံများအနေဖြင့် ထိုပန်းတိုင်နှင့်အတူ တစ်ပါတည်း ပြည့်မြောက်အောင် ဆောင်ရွက်သွားလိုသော ရည်ရွယ်ချက်များကိုလည်း ထပ်ဆောင်းချမှတ်ကောင်း ချမှတ်နိုင်ပါသည်။ ဥပမာ REDD+ ကို လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ချမှတ်ထားသော အမျိုးသားမူဝါဒများကို အထောက်အပံ့ပြုနိုင်သည့်နည်းလမ်းဖြင့် အကောင်အထည်ဖော်ရန် သို့မဟုတ် REDD+ ဆောင်ရွက်ချက်များကို သီးခြားအလှူရှင်များ သို့မဟုတ် ရန်ပုံငွေပံ့ပိုးသည့် အဖွဲ့အစည်းများ၏ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ သတ်မှတ်ချက်များနှင့် ညှိနှိုင်းကာ ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

### လွှမ်းခြုံမှုအတိုင်းအတာကို သတ်မှတ်ခြင်း

REDD+ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံတစ်နိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းတစ်ခုတွင် REDD+ မူဝါဒများနှင့် နည်းလမ်းများ (PaMs) အားလုံးကို အသုံးပြုသင့်သည်ဟု ယူဆဖွယ်ရှိပါသည်။ သို့သော် သစ်တောနှင့် မြေအသုံးချမှု ကဏ္ဍများရှိ မည်သည့်ဆောင်ရွက်ချက်များသည် PaMs တွင် ပါဝင်မည် ဆိုသည်ကို အစဉ်အမြဲ ရှင်းရှင်းလင်းလင်းသိရှိနိုင်မည် မဟုတ်ပါ။ ကာကွယ်စောင့်ရှောက်မှုများ၏ အတိုင်းအတာကို သတ်မှတ်နိုင်သည့် ရိုးရှင်းသော နည်းလမ်းတစ်ခုမှာ အမျိုးသား REDD+ မဟာဗျူဟာ သို့မဟုတ် REDD+ လုပ်ငန်းစီမံချက်တွင် PaMs အဖြစ်ဖော်ပြပါရှိသော ဆောင်ရွက်ချက်များအားလုံးကို လွှမ်းခြုံဆောင်ရွက်ရန် ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် အချို့နိုင်ငံများသည် ၎င်းတို့၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းအား သစ်တောကဏ္ဍ နှင့်/သို့မဟုတ် အခြားသော မြေအသုံးချမှုနှင့်ဆက်နွယ်သည့် ကဏ္ဍများရှိ များပြားစုံလင်သော ဆောင်ရွက်ချက်အမျိုးမျိုးအတွက် လွှမ်းခြုံအသုံးပြုခြင်းဖြင့် စီမံအုပ်ချုပ်ရေး

[4] UN-REDD အစီအစဉ် (၂၀၁၅) ကိုလည်း ကြည့်ပါရန်။ REDD+ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းများ။ ကနဦးအတွေ့အကြုံများနှင့် ထွက်ပေါ်လာသော သင်ခန်းစာများအပေါ် ကမ္ဘာလုံးဆိုင်ရာသုံးသပ်ချက်။ နည်းပညာအရင်း အမြစ်များအတွဲ ၂၊ UN-REDD အစီအစဉ်အတွင်းရေးမှူးရုံး၊ ဂျီနီဗာ၊ ဆွစ်ဇာလန်။

ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းလွယ်ကူစေပြီး စံချိန်စံညွှန်းများကိုလည်း အစပ်အဟပ်မိစေပါသည်။[5] နိုင်ငံတစ်နိုင်ငံ၏ REDD+ PaMs များကို အပြည့်အစုံ သတ်မှတ်ပြီးပြီဆိုသည်နှင့်တစ်ပြိုင်နက် ကာကွယ်စောင့်ရှောက်မှုများအတွက် လွှမ်းခြုံမည့်အတိုင်းအတာကို သတ်မှတ်ရန် ပိုမိုလွယ်ကူသွားမည်ဖြစ်ပါသည်။

**ကာကွယ်စောင့်ရှောက်မှုများအတွက် မြန်မာနိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မည့်နည်းလမ်း၏ ပန်းတိုင်များနှင့် လွှမ်းခြုံမှုအတိုင်းအတာ**

လမ်းပြမြေပုံအလုပ်ရုံဆွေးနွေးပွဲအတွင်းတွင် ကာကွယ်စောင့်ရှောက်မှုများအတွက် မြန်မာနိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်း၏ ပန်းတိုင်များနှင့် အတိုင်းအတာကို အများသဘောတူညီမှုဖြင့် ကနဦးသတ်မှတ်ခဲ့ကြပါသည်။ ထို့ပြင် မြန်မာနိုင်ငံ REDD+ လုပ်ငန်းစဉ်၏လိုအပ်ချက်များနှင့်ကိုက်ညီစေရန်အတွက် နောက်ပိုင်းအဆင့်များတွင် အဆိုပါအဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်သွားရန်လည်း သဘောတူခဲ့ကြပါသည်။ ကာကွယ်စောင့်ရှောက်မှုများအား နိုင်ငံ၏ အခြေအနေများနှင့် ကိုက်ညီကာ ရှင်းရှင်းလင်းလင်း ဖွင့်ဆိုသတ်မှတ်မှုလုပ်ငန်းစဉ် (national clarification of safeguards) (အပိုင်း ၅ ကို ကြည့်ရန်) တွင်လည်း အဆိုပါပန်းတိုင်များနှင့် အတိုင်းအတာတို့ကို ထပ်မံသုံးသပ်စဉ်းစားနိုင်မည့် အခွင့်အလမ်းကောင်းတစ်ခုကို ရရှိနိုင်ပါသည်။

ကနဦးသတ်မှတ်ဖော်ထုတ်ထားသော ပန်းတိုင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- UNFCCC ၏ REDD+ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ သတ်မှတ်ချက်များ ပြည့်မီစေရန်၊
- စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၏ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အပိုင်းကဏ္ဍများနှင့် သစ်တောသယံဇာတများ ထာဝရတည်တံ့စေရေးအတွက် ပံ့ပိုးကူညီပေးရန်၊
- ကောင်းမွန်သောအုပ်ချုပ်ရေးလုပ်ငန်းစဉ်ကို ပံ့ပိုးကူညီရန်နှင့် မြေနှင့်သစ်တောလုပ်ပိုင်ခွင့်များ တိုးတက်လာစေရန်၊
- ကာကွယ်စောင့်ရှောက်မှုများ ကျင့်သုံးဆောင်ရွက်ရာတွင် EIA နှင့် SIA လုပ်ထုံးလုပ်နည်းများ အပါအဝင် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ပြဋ္ဌာန်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားရန်၊
- ဖွံ့ဖြိုးမှုမိတ်ဖက်ဖြစ်လာရန် အလားအလာရှိသူများ (ဥပမာ - Green Climate Fund - GCF) ၏ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ မူဘောင်များကို လိုက်နာနိုင်အောင် ကူညီပံ့ပိုးပေးရန်။

ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်း၏ လွှမ်းခြုံရမည့်အတိုင်းအတာနှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာသူများမှ ဆွေးနွေးခဲ့ကြရာ အဖွဲ့တစ်ဖွဲ့က ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံဆောင်ရွက်ရန် အကြံပြုသော်လည်း အခြားအဖွဲ့တစ်ဖွဲ့ကမူ အတိုင်းအတာအားဖြင့် သေးငယ်ပြီး အလွယ်တကူ အကောင်အထည်ဖော်နိုင်မည့် အနေအထားတစ်ခုဖြင့် စတင်သင့်သည်ဟု ဆိုပါသည်။ ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက်တွင် ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်နည်းသည် ကနဦးတွင် အမျိုးသား REDD+ မဟာဗျူဟာတွင် ပါရှိသည့် REDD+ PAMs များကိုသာ လွှမ်းခြုံရန် တင်ပြခဲ့ကြပါသည်။ နောက်ပိုင်းအဆင့်တွင် သစ်တောများမှ ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် အခကြေးငွေပေးဆောင်ခြင်း (payments for ecosystem

[5] UN-REDD အစီအစဉ် (၂၀၁၅) ကိုလည်း ကြည့်ပါရန်။ REDD+ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းများ။ ကနဦးအတွေ့အကြုံများနှင့် ထွက်ပေါ်လာသော သင်ခန်းစာများအပေါ် ကမ္ဘာလုံးဆိုင်ရာသုံးသပ်ချက်။ နည်းပညာအရင်း အမြစ်များအတွဲ ၂၊ UN-REDD အစီအစဉ်အတွင်းရေးမှူးရုံး၊ ဂျီနီဗာ၊ ဆွစ်ဇာလန်။

services) ဆိုင်ရာ မူဝါဒများနှင့် နည်းလမ်းများကို ထည့်သွင်းကာ ဤလွှမ်းခြုံမှုအတိုင်းအတာကို တိုးချဲ့ရန်ထည့်သွင်းစဉ်းစားကြရန်လည်း သဘောတူညီခဲ့ကြပါသည်။

## ၃။ UNFCCC အောက်ရှိ REDD+ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ သတ်မှတ်ချက်များ

ခန့်ခွန်းသဘောတူညီချက်များ (UNFCCC ဆုံးဖြတ်ချက် 1/CP. 16) တွင် ဖော်ပြထားသော ကာကွယ်စောင့်ရှောက်မှု ခုနစ်ခု၏ စာသားအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

*(က) လုပ်ဆောင်ချက်များသည် အမျိုးသားအဆင့်သစ်တောစီမံကိန်းများ၊ အစီအစဉ်များ၊ သင့်လျော်သည့်နိုင်ငံတကာကွန်ဗင်းရှင်းများ၊သဘောတူညီချက်များကို အားဖြည့်ထောက်ကူပေးခြင်း သို့မဟုတ် တသမတ်တည်းဖြစ်စေခြင်း၊*

*(ခ) နိုင်ငံ၏ ဥပဒေများ၊ အချုပ်အခြာအာဏာပိုင်မှုတို့ကို ထည့်သွင်းစဉ်းစားထားသည့် ပွင့်လင်းမြင်သာပြီးထိရောက်သော သစ်တောအုပ်ချုပ်မှုဖွဲ့စည်းပုံများ၊*

*(ဂ) သက်ဆိုင်ရာ နိုင်ငံတကာတာဝန်ဝတ္တရားများ၊ နိုင်ငံ၏ အခြေအနေများနှင့် ဥပဒေများကို ထည့်သွင်းစဉ်းစားကာ၊ ကုလသမဂ္ဂအထွေထွေညီလာခံမှ ဌာနေတိုင်းရင်းသားများ၏ရပိုင်ခွင့်များဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းကို လက်ခံအတည်ပြုထားမှုကို သိရှိသတိပြုခြင်းအားဖြင့် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ အသိပညာဗဟုသုတများနှင့် ရပိုင်ခွင့်များကို လေးစားခြင်း၊*

*(ဃ) ဤဆုံးဖြတ်ချက်၏ စာပိုဒ် ၇၀ နှင့် ၇၂တွင် ရည်ညွှန်းဖော်ပြထားသော REDD+ လုပ်ဆောင်ချက်များတွင် သင့်လျော်သော အကျိုးဆက်စပ်သူများ၊ အထူးသဖြင့် ဌာနေတိုင်းရင်းသား;များနှင့် ဒေသခံပြည်သူများမှ အပြည့်အဝထိရောက်စွာ ပါဝင်ဆောင်ရွက်မှု၊*[6]

*(င) ဤဆုံးဖြတ်ချက်၏ စာပိုဒ် ၇၀ တွင် ရည်ညွှန်းဖော်ပြထားသော လုပ်ဆောင်ချက်များကို သဘာဝသစ်တောများအား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အသုံးပြုမည့်အစား သဘာဝသစ်တောများနှင့်ထိုသစ်တောများ၏ ဂေဟစနစ်ဝန်ဆောင်မှုများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုစိတ်ရှိလာအောင်ဆွဲဆောင်အားပေးရန် နှင့် အခြားသော လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ တိုးပွားလာအောင် ဆောင်ရွက်ရန် အသုံးပြုခြင်းဖြင့် ထိုလုပ်ဆောင်ချက်များသည် သဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်သည့်လုပ်ငန်းများနှင့် ကိုက်ညီမှုရှိစေခြင်း၊*[7]

---

[6] REDD+ လုပ်ဆောင်ချက်များအားလုံးကို ဆိုလိုပါသည် – ဆုံးဖြတ်ချက် 1/CP.16 ၏ စာပိုဒ် ၇၀ တွင် REDD+ တွင် ပါဝင်သည့် REDD+ ‘လုပ်ဆောင်ချက်’ ငါးခု၏တရားဝင်အဓိပ္ပါယ်ဖွင့်ဆိုချက်များ ပါဝင်ပါသည်။

[7]နိုင်ငံအများစုတွင် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ အသက်မွေးမှုလုပ်ငန်းများ ရေရှည်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လိုအပ်မှုနှင့် ၎င်းတို့နှင့်သစ်တောများ၏ အပြန်အလှန်မှီခိုနေမှုများကို ထည့်သွင်းစဉ်းစားကာ ဌာနေတိုင်းရင်းသားများ၏ရပိုင်ခွင့်များဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းနှင့် နိုင်ငံတကာမိခင်ကမ္ဘာမြေနေ့တို့တွင် ဖော်ပြပါရှိပါသည်။

*(စ) လေထုတွင်းသို့ ကာဗွန်များ ပြန်လည်ထုတ်လွှတ်နိုင်မှု အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းသည့် လုပ်ဆောင်ချက်များ၊*

*(ဆ) ကာဗွန်ထုတ်လွှတ်မှုများ စီမံချက်ပြင်ပရှိ နေရာများတွင် ပြောင်းရွှေ့ဖြစ်ပေါ်မှုများကို လျှော့ချသည့် လုပ်ဆောင်ချက်များ။*

UNFCCC စည်းမျဉ်းများအရ အဆိုပါကာကွယ်စောင့်ရှောက်မှုများနှင့်ဆက်နွယ်၍ နိုင်ငံများအား အောက်ပါ သတ်မှတ်ချက်သုံးခုကို လိုက်နာဖြည့်ဆည်းပေးရန် တောင်းဆိုထားပါသည်။

**သတ်မှတ်ချက် ၁** - ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများနှင့် ကိုက်ညီသည့် နည်းလမ်းဖြင့် REDD+ လုပ်ငန်းများကို အကောင်အထည်ဖော်ရန်

မည်သည့် ရန်ပုံငွေရင်းမြစ် သို့မဟုတ် အမျိုးအစားဖြင့်လုပ်ကိုင်သည်ဖြစ်စေ REDD+ လုပ်ငန်းများအား ခန့်ခွန်း ကာကွယ်စောင့်ရှောက်မှုများကို အားပေးမြှင့်တင်ပံ့ပိုးသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။[8] နိုင်ငံ များသည် REDD+ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်စဉ်အတွင်း ကာကွယ်စောင့်ရှောက်မှုများ ကို လိုက်နာဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အစီအမံများနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ဖော် ထုတ်ထားသင့်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

**သတ်မှတ်ချက် ၂** - ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများကို ကိုင်တွယ်ဆောင်ရွက်နေပုံ၊ လေးစားလိုက်နာ ပုံများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်သည့် စနစ်တစ်ခု တည်ထောင်ရန်

REDD+ တွင် ပါဝင်ဆောင်ရွက်လိုသော နိုင်ငံများသည် REDD+ လုပ်ငန်းများ အကောင်အထည်ဖော်နေသည့် အဆင့်များအားလုံးတွင် ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုခုနစ်ခုကို ကိုင်တွယ်ဆောင်ရွက်နေပုံ၊ လေးစားလိုက်နာ ပုံများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်သည့် စနစ်တစ်ခုကို တည်ထောင်ထားရှိ ရမည်ဟု သတ်မှတ်ထားပါသည်။[9] ယင်းစနစ်ကို ကာကွယ်စောင့်ရှောက်မှုများသတင်းစနစ် (Safeguards Information System - SIS) ဟု ရည်ညွှန်း ခေါ်ဝေါ်လေ့ ရှိပါသည်။

UNFCCC ဆုံးဖြတ်ချက်များအရ ကာကွယ်စောင့်ရှောက်မှုသတင်းစနစ်သည် အောက်ပါတို့ကို ဆောင်ရွက်သင့် ပါသည် - [10]

- ဆုံးဖြတ်ချက် 1/CP.16၊ နောက်ဆက်တွဲ ၁၊ စာပိုဒ် ၁ တွင် ဖော်ပြထားသည့် လမ်းညွှန်များနှင့် ကိုက်ညီ သင့်သည်။[11]

[8]ဆုံးဖြတ်ချက် 1/CP.16၊ စာပိုဒ် ၆၉၊ ဆုံးဖြတ်ချက် 2/CP.17၊ စာပိုဒ် ၆၃

[9]UNFCCC ဆုံးဖြတ်ချက် 1/CP.16၊ စာပိုဒ် ၇၁ (ဃ)

[10]UNFCCC ဆုံးဖြတ်ချက် 12/CP.17၊ စာပိုဒ် ၂

[11] ထိုဆုံးဖြတ်ချက်တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည် - (က) သဘောတူညီချက်၏ အပိုဒ်ခွဲ ၂ တွင် ဖော်ပြထားသော ရည်ရွယ်ချက် ပြည့်မြောက်စေရေးအတွက် ကူညီပံ့ပိုးရန်၊ (ခ) သဘောတူညီချက်၏ အပိုဒ်ခွဲ ၄၊ စာပိုဒ် ၃ တွင် ဖော်ပြထားသော ကတိကဝတ်များ ဖြည့်ဆည်းရေး ကူညီပံ့ပိုးရန်၊ (ဂ) နိုင်ငံများမှ ဦးဆောင်ပြီး နိုင်ငံများမှ ရရှိနိုင်သည့် နည်းလမ်းများကို ထည့်သွင်းစဉ်းစားရန်၊ (ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရည်ရွယ်ချက်နှင့် ကိုက်ညီရန်နှင့် သစ်တောများ၊ အခြားဂေဟစနစ်များ၏ လုပ်ငန်းဆောင်တာများကို ထည့်သွင်းစဉ်းစားရန်၊ (င) အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးဦးစားပေးများ၊ ရည်ရွယ်ချက်များ၊ အခြေအနေများ၊ စွမ်းဆောင်နိုင်မှုများနှင့် အညီဆောင်ရွက်ရန်နှင့် နိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားသင့်သည်၊ (စ) အဖွဲ့ဝင်နိုင်ငံများ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသားလိုအပ်ချက်များ၊ ပန်းတိုင်များနှင့် ကိုက်ညီစေရန်၊ (ဆ)

- သင့်လျော်သည့် အကျိုးဆက်စပ်သူအားလုံး လက်လှမ်းမီရရှိနိုင်သည့် ပွင့်လင်းမြင်သာရှိပြီး တစ်သမတ်တည်းရှိသည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးသင့်ပြီး နောက်ဆုံးရအချက်အလက်များကို ပုံမှန်ဖြည့်သွင်းပေးနေသင့်ပါသည်။
- အချိန်ကာလကြာလာသည်နှင့်အမျှ တိုးတက်မှုများ ရှိစေရန်အတွက် ပွင့်လင်းမြင်သာပြီး ပြောင်းလွယ်ပြင်လွယ်ရှိသင့်ပါသည်။
- ကာကွယ်စောင့်ရှောက်မှုများကို ကိုင်တွယ်ဆောင်ရွက်နေပုံနှင့် လေးစားလိုက်နာပုံများဆိုင်ရာ သတင်းအချက်အလက်များကို ပံ့ပိုးပေးသင့်ပါသည်။
- နိုင်ငံတော်မှဦးဆောင်သင့်ပြီး နိုင်ငံအဆင့်တွင် အကောင်အထည်ဖော်သင့်ပါသည်။
- ရှိနေပြီးသားစနစ်များပေါ်တွင် သင့်လျော်သလို အားပြုဆောင်ရွက်သင့်ပါသည်။

**သတ်မှတ်ချက် ၃** - ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများကို ကိုင်တွယ်ဆောင်ရွက်နေပုံနှင့် လေးစားလိုက်နာပုံများအကြောင်း သတင်းအချက်အလက်များအနှစ်ချုပ်ကို တင်ပြပေးရန်

ရလဒ်များကို အခြေခံသည့် ရန်ပုံငွေများ လက်ခံရရှိစေရန်အလို့ငှာ နိုင်ငံများသည် ကာကွယ်စောင့်ရှောက်မှုများကို ကိုင်တွယ်ဆောင်ရွက်နေပုံနှင့် လေးစားလိုက်နာပုံတို့ကို ထင်ရှားပြသနိုင်သည့် နောက်ဆုံးရသတင်းအချက်အလက်များ အနှစ်ချုပ်ကို တင်ပြပေးရမည်ဖြစ်ပါသည်။[12] ထို့ပြင် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်အနှစ်ချုပ်များကို ပုံမှန်တင်ပြသင့်ပြီး UNFCCC နှင့် သက်ဆိုင်ရာနိုင်ငံကြား ဆက်သွယ်မှုများ သို့မဟုတ် COP မှ သတ်မှတ်ပေးထားသော အခြားသော ဆက်သွယ်ရေးလမ်းကြောင်းများတွင်လည်း ထည့်သွင်းပေးသင့်သည်ဟု UNFCCC က သတ်မှတ်ထားပါသည်။ UNFCCC သို့ မိမိသဘောဆန္ဒအလျောက် သတင်းအချက်အလက်များကို ပေးပို့နိုင်သော နောက်ထပ်နည်းလမ်းတစ်ခုမှာ UNFCCC REDD+ ဝက်ဆိုက်မှတစ်ဆင့် ပေးပို့ခြင်း ဖြစ်ပါသည်။[13]

# ၄။ REDD+ကာကွယ်စောင့်ရှောက်မှုများနှင့်ဆက်နွယ်သည့် မြန်မာနိုင်ငံရှိ ယခင်က/လက်ရှိဆောင်ရွက်နေဆဲ လုပ်ငန်းများ

ဤလမ်းပြမြေပုံတွင် ပါရှိသည့် လုပ်ငန်းများသည် မြန်မာနိုင်ငံရှိ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကောင်းမွန်သော အစဉ်အလာကျင့်ထုံးများနှင့်ဆက်နွယ်သော လုပ်ဆောင်ချက်အချို့နှင့် REDD+ ကာကွယ်စောင့်ရှောက်မှုများနှင့်စပ်လျဉ်း၍ ပထမခြေလှမ်းများအဖြစ် ဆောင်ရွက်ပြီးဖြစ်သော လုပ်ငန်းများအပေါ်တွင် အားပြုသွားမည်ဖြစ်ပါသည်။

---

ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်နေသည့်တစ်ချိန်တည်းတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးတို့နှင့်ဆက်စပ်အကောင်အထည်ဖော်ရန်၊ (ဇ) နိုင်ငံ၏ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေရေး လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရန်၊ (ဈ) စွမ်းရည်မြှင့်တင်မှုအတွက် ကူညီပံ့ပိုးမှုများအပါအဝင် ကြိုတင်ခန့်မှန်းတွက်ဆနိုင်သည့် ဘဏ္ဍာရေးနှင့် နည်းပညာကူညီပံ့ပိုးမှုများကို လုံလောက်စွာ ပံ့ပိုးကူညီပေးရန်၊ (ည) ရလဒ်များကို အခြေပြုရန်၊ (ဋ) သစ်တောများ ထာဝရတည်တံ့စေရန် စီမံအုပ်ချုပ်လုပ်ကိုင်မှုကို အားပေးမြှင့်တင်ရန်။

[12] ဆုံးဖြတ်ချက် 9/CP၊ စာပိုဒ် ၄၊ UNFCCC ဆုံးဖြတ်ချက် 2/CP.17၊ op cit၊ စာပိုဒ် ၆၃ နှင့် ၆၄၊

[13] ဆုံးဖြတ်ချက် 12/CP.19၊ စာပိုဒ် ၂ နှင့် ၃၊

ကာကွယ်စောင့်ရှောက်မှုများနှင့် ဆက်နွယ်အပ်စပ်မှုအရှိဆုံး ဆောင်ရွက်ပြီးစီးသည့် သို့မဟုတ် ဆောင်ရွက်နေဆဲဖြစ်သည့် လုပ်ဆောင်ချက်များတွင် အောက်ပါတို့ ပါဝင်ပါသည် -

- သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) အောက်ရှိ သစ်တောဦးစီးဌာနမှ ဦးဆောင်ကာ နိုင်ငံတကာအပူပိုင်းဒေသသစ်အဖွဲ့အစည်း (ITTO)၏ ကူညီပံ့ပိုးမှုဖြင့် REDD+ အတွက် လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံစည်းမျဉ်းများနှင့် စံသတ်မှတ်ချက်များကို ရေးဆွဲခြင်း။ ထို အခြေခံစည်းမျဉ်းများနှင့်စံသတ်မှတ်ချက်များကို ကာကွယ်စောင့်ရှောက်မှုများကို လက်တွေ့ကျင့်သုံးရန်အတွက် လုပ်ထုံးလုပ်နည်းများ၊ အဖွဲ့အစည်းဆိုင်ရာ အစီအမံများကို ချမှတ်ခြင်းနှင့် ခန့်ခွန်းကာကွယ် စောင့်ရှောက်မှုများကို နိုင်ငံ၏ အခြေအနေများနှင့်ကိုက်ညီအောင် သတ်မှတ်ခြင်းများအတွက် အသုံးပြုနိုင်ပါသည်။[14]
- MONREC အောက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ECD) မှ ဦးဆောင်၍ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ကူညီပံ့ပိုးမှုဖြင့် မြေအသုံးချမှုရင်းနှီးမြှုပ်နှံရေးစီမံချက်များအတွက် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ ဆန်းစစ်လေ့လာချက် (EIA) အတွက် လမ်းညွှန်ကို ရေးဆွဲပြုစုခြင်း။[15] REDD+ ကာကွယ်စောင့်ရှောက်မှုများကို လိုက်နာဆောင်ရွက်ကြောင်း သေချာစေမည့် မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ (PLRs) တွင် ပါဝင်လာနိုင်ဖွယ်ရှိသော ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှု ဆန်းစစ်လေ့လာချက်၊ လူမှုရေးဆိုင်ရာသက်ရောက်မှု ဆန်းစစ်လေ့လာချက်(SIA)နှင့် မဟာဗျူဟာကျ ပတ်ဝန်းကျင်/လူမှုရေး ဆန်းစစ်လေ့လာချက် (SEA and SSA) တို့၏ အခန်းကဏ္ဍကို PLR များအား ပြန်လည်သုံးသပ်သည့်အခါတွင် ထည့်သွင်းစဉ်းစားသွားပါမည်။[14] ထိုလမ်းညွှန်ချက်များတွင် ပါဝင်သော အချက်များသည် စဉ်းစားသုံးသပ်နေသော REDD+ PaMများ၏ အကျိုးအပြစ်များကို လေ့လာသည့်နေရာတွင်လည်း အသုံးဝင်နိုင်ပါသည်။ [14]
- ဗဟိုစာရင်းအင်းအဖွဲ့မှ ဦးဆောင်ပြီး ဖင်လန်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် ယူကေအစိုးရများက UNDP မှတစ်ဆင့်ပေးသော ပံ့ပိုးကူညီမှုများဖြင့် ဆောင်ရွက်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ(SDGs) အတွက် ညွှန်ကိန်းများ ပြုစုမှုလုပ်ငန်း။ ဤလုပ်ဆောင်ချက်မှ ထွက်လာသော အချက်အလက်အစုများနှင့် ညွှန်ကိန်းများကို SIS စနစ် တည်ထောင်သည့်နေရာတွင် အသုံးပြုနိုင်ပါသည်။[14]

REDD+ အဆင်သင့်ဖြစ်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည့် ကာကွယ်စောင့်ရှောက်မှုများနှင့် ဆက်နွယ်သည့် လုပ်ငန်းများထဲတွင် အောက်ပါတို့ ပါဝင်ပါသည် -

- MONREC အောက်ရှိ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန၊ GAD၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်စားလှယ်များသာမက MERN၊ POINT၊ IP/EM၊ FSWG၊ FOW၊ မေတ္တာ၊ KCWG၊ CHRO၊ သစ်တောသယံဇာတနှင့်ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုအသင်း (FREDA) နှင့် Center for People and Forests (RECOFTC) ကဲ့သို့သော အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်သည့် အကျိုးဆက်စပ်ပတ်သက်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်မှုနှင့် ကာကွယ်

[14] အပိုင်း ၅ တွင် ပါဝင်သည့် အစီအစဉ်ရေးဆွဲထားသော လုပ်ငန်းအဆင့်များအား ဖော်ပြထားချက်ကို ကြည့်ပါရန်

[15] လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်လေ့လာရန်အတွက် အလားတူလမ်းညွှန်များကို ရေးဆွဲရန် စီစဉ်လျက်ရှိပြီး ထိုလုပ်ငန်းမှ ရလဒ်များကို အချိန်မီရရှိပါက ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ လုပ်ငန်းများတွင် ထည့်သွင်းသင့်ပါသည်။

စောင့်ရှောက်မှုများဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခြင်း။ TWG-SES သည် ကာကွယ်စောင့်ရှောက်မှုများအတွက် မြန်မာနိုင်ငံ၏ ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းကို ချမှတ်သည့်နေရာတွင် ဦးဆောင်သည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပါမည်။

- REDD+ နှင့်အကျိုးဆက်စပ်ပတ်သက်သူများကို လေ့လာမှတ်တမ်းတင်ခြင်း။ REDD+ PaMs ၏ အကျိုးအပြစ်ဖြစ်နိုင်ခြေများအပါအဝင် ၎င်းတို့နှင့်သက်ဆိုင်သည့် တိုင်ပင်ဆွေးနွေးမှုများကို ဒီဇိုင်းရေးဆွဲရာတွင် ထိုလေ့လာမှုမှ အချက်အလက်များကို အသုံးပြုနိုင်ပါသည်။[16]
- မြန်မာနိုင်ငံရှိ REDD+ အတွက် အကျိုးဆက်စပ်ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှု လမ်းညွှန်များကို ရေးဆွဲပြုစုခြင်း။
- အကျိုးဆက်စပ်ပတ်သက်သူအုပ်စုအမျိုးမျိုးအတွက် REDD+ ဆိုင်ရာ သင်တန်းများ ကျင်းပခြင်း။ ပထမအသုတ်သင်တန်းများကို ၂၀၁၇ခုနှစ်၊ မတ်လတွင် ကျင်းပသည့် ကာကွယ်စောင့်ရှောက်မှုများ လမ်းပြမြေပုံအလုပ်ရုံဆွေးနွေးပွဲတွင် TWG-SES အဖွဲ့ဝင်များအတွက် သီးသန့်ကျင်းပပေးခဲ့ပါသည်။ သင်တန်းကျင်းပရခြင်း၏ ယေဘုယျရည်ရွယ်ချက်မှာ REDD+ အကယ်ဒမီမှ သင်တန်းဆရာများ၏ အကူအညီဖြင့် အဓိကကျသော အကျိုးဆက်စပ်ပတ်သက်သူများကြား REDD+အကောင်အထည်ဖော်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် နားလည်သိရှိမှုများကို မြှင့်တင်ပေးရန် ဖြစ်ပါသည်။ အမျိုးသားအဆင့် REDD+ လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသော ဦးစီးဌာနများနှင့် သင့်လျော်သည့် CSO များမှ ကိုယ်စားပြုတက်ရောက်သူ ၂၅ ဦး ရှိပါသည်။

## ၅။ ကာကွယ်စောင့်ရှောက်မှုများအတွက် မြန်မာနိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းကို ချမှတ်ခြင်း

နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ အခြေအနေများမတူညီနိုင်သလို ကာကွယ်စောင့်ရှောက်မှုများကို လက်တွေ့ဖော်ဆောင်ရန်အတွက် နိုင်ငံများတွင် ရှိနှင့်ပြီးဖြစ်သည့် အုပ်ချုပ်ရေးအစီအမံများ (ဥပဒေရေးရာမူဘောင်နှင့် အဖွဲ့အစည်းဆိုင်ရာ လုပ်ပိုင်ခွင့်တာဝန်များအပါအဝင်) ပေါ်တွင် အားပြုဆောင်ရွက်နိုင်မှု အတိုင်းအတာသည်လည်း မတူညီနိုင်ပါ။ ထိုအကြောင်းကြောင့် REDD+ ကာကွယ်စောင့်ရှောက်မှုများကို ကိုင်တွယ်ဆောင်ရွက်မှုနှင့် လေးစားလိုက်နာမှုအတွက် သင့်လျော်သည့် နည်းလမ်းများနှင့် နည်းစနစ်များသည် နိုင်ငံတစ်ခုနှင့်တစ်ခုကြား များစွာ ကွဲပြားခြားနားနိုင်ပါသည်။ ခန်ခွန်းကာကွယ်စောင့်ရှောက်မှုများအတွက် ‘နိုင်ငံအလိုက်ချဉ်းကပ်ဆောင်ရွက်သည့်နည်းလမ်း’၏ အခြေခံသဘောတရားတွင် အဆိုပါအချက်ကို အသိအမှတ်ပြုထားပါသည်။ နိုင်ငံအများအပြားတွင် ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်သည့်နည်းလမ်းကို ကျင့်သုံးရာ၌ ရှိနေသည့် သစ်တော၊ မြေအသုံးချမှုတို့နှင့်ဆက်နွယ်သော အုပ်ချုပ်ရေးအစီအမံများကို သတ်မှတ်ဖော်ထုတ်ခြင်း၊ အားကောင်းစေခြင်းနှင့် လိုအပ်သည့်အခါ အားဖြည့်ထောက်ကူပေးခြင်း သို့မဟုတ် ထိန်းညှိပြုပြင်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်မည်ဆိုလျှင် ပိုမိုထိရောက်အကျိုးရှိကြောင်း တွေ့ရှိနေရပါသည်။ သို့သော် လုပ်ထုံးလုပ်နည်းအသစ်

[16] သတ်မှတ်ဖော်ထုတ်ထားသော အကျိုးဆက်စပ်ပတ်သက်သူများအကြောင်း ပိုမိုအသေးစိတ်သော အချက်အလက်များနှင့် စာရင်းအပြည့်အစုံအတွက် မြန်မာနိုင်ငံ၏ REDD+ အဆင်သင့်ဖြစ်ခြင်းလမ်းပြမြေပုံတွင် ကြည့်ရန်။ http://www.myanmar-redd.org/ps-admin/uploads/redd_usermanual/1442500360.pdf

များ၊ ဥပဒေအသစ်များ သို့မဟုတ် စည်းမျဉ်းစည်းကမ်းအသစ်များ ချမှတ်ကာ ဆောင်ရွက်ခြင်းမပြုသင့်ဟု ဆိုလိုခြင်းမဟုတ်ပါ။

UN-REDD အစီအစဉ်သည် နိုင်ငံ၏ အခြေအနေများ ထိုသို့ အမျိုးမျိုးကွဲပြားနေမှုကို ထည့်သွင်းစဉ်းစားကာ ကာကွယ်စောင့်ရှောက်မှုများနှင့်စပ်လျဉ်း၍ အစီအစဉ်မှ ကူညီပံ့ပိုးမှုများကို မိတ်ဖက်နိုင်ငံများ၏ လိုအပ်ချက်များ၊ ဦးစားပေးကိစ္စရပ်များအား တုံ့ပြန်ဖြည့်ဆည်းပေးနိုင်လောက်အောင် ပြောင်းလွယ်ပြင်လွယ်ရှိသည့် ပုံစံဖြင့် ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။ သို့သော် ယနေ့အချိန်အထိ ရရှိခဲ့သည့် နိုင်ငံများ၏ အတွေ့အကြုံများအရ မရှိမဖြစ်လိုအပ်သည့် သတင်းအချက်အလက်များနှင့် ဆုံးဖြတ်ရွေးချယ်ရမည့် အရာများအတွက် လုပ်ဆောင်သင့်သည့် ယေဘုယျလုပ်ငန်းအချို့ ရှိနေပြီး နိုင်ငံများမှ ၎င်းတို့၏ ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းများကို ရေးဆွဲချမှတ်သည့်နေရာတွင် ထိုလုပ်ငန်းအဆင့်များကို အသုံးပြုရန် ထည့်သွင်းစဉ်းစားနိုင်ပါသည်။

## ၅-၁။ ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံတစ်နိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းနှင့် SIS ကို ချမှတ်တည်ထောင်ရန်အတွက် ယေဘုယျလုပ်ငန်းအဆင့်များ

နိုင်ငံများမှ REDD+ ကာကွယ်စောင့်ရှောက်မှုများအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် နည်းလမ်းကို ဆုံးဖြတ်ရာတွင် လုပ်ဆောင်နိုင်သည့် လုပ်ငန်းများကို ပုံ ၁ တွင် အဆင့်ဆင့်တင်ပြထားပါသည်။ လက်တွေ့တွင် များသောအားဖြင့် ထိုလုပ်ငန်းများအား တစ်ဆင့်ပြီးမှတစ်ဆင့် ဆောင်ရွက်ခြင်းထက် တစ်ပြိုင်တည်း ဆောင်ရွက်ရလေ့ရှိကြောင်း သတိပြုသင့်ပါသည်။ နောက်ပိုင်းတွင် တစ်ဆင့်ချင်းစီကို ပြန်လည်သုံးသပ်ကာ ထပ်မံနားလည်သိရှိလာသော အချက်အလက်အသစ်များကို ပေါင်းစပ်ထည့်သွင်းသွားမည်ဆိုပါက ပို၍ လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းအမျိုးမျိုးမှ ထွက်ပေါ်လာသောရလဒ်များ တစ်ခုနှင့်တစ်ခု အစပ်အဟပ်မိမိ ကိုက်ညီမှုရှိစေရန်အတွက် တုံ့ပြန်အကြံပြုမှုများ အပြန်အလှန် ရယူကာ ကောင်းသထက်ကောင်းအောင် အကြိမ်ကြိမ်ပြုပြင်ဆောင်ရွက်သွားရမည့် နေရာများကို ခေါင်းနှစ်ဖက်ပါသောမြှားများဖြင့် ပြသထားသည်ကို ပုံတွင် တွေ့ရမည်ဖြစ်ပါသည်။

သဘောတရားမူဘောင်၏ အဓိကအစိတ်အပိုင်းတစ်ခုချင်းစီ၏ အကျဉ်းချုပ်ရှင်းလင်းချက်များအား အောက်ပါပုံ ၁ တွင် ဖော်ပြထားပါသည်။

*ပုံ ၁ - ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံတစ်နိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်ရမည့် နည်းလမ်းကို ချမှတ်ရာတွင် လုပ်ဆောင်ရမည့် ယေဘုယျလုပ်ငန်းအဆင့်များ* [17]




## ချမှတ်ကျင့်သုံးရန် ရည်ရွယ်သော မူဝါဒများနှင့် နည်းလမ်းများ (PaMs) ၏ အကျိုးအပြစ်ကို ဆန်းစစ်လေ့လာခြင်း

ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံတစ်နိုင်ငံ၏ ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းကို ဒီဇိုင်းရေးဆွဲရာတွင် နိုင်ငံ၏ အခြေအနေပေါ်မူတည်ကာ REDD+ ၏ အကျိုးအပြစ်များကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်သည့် ဒီဇိုင်းပုံစံကို ရေးဆွဲဖို့ လိုအပ်ပါသည်။ ထိုသို့သော ဒီဇိုင်းပုံစံကို ရေးဆွဲနိုင်ရန်အတွက် ရည်မှန်းထားသော သို့မဟုတ် စဉ်းစားသုံးသပ်နေသော REDD+ PaM များကြောင့် ဖြစ်ပေါ်နိုင်ခြေရှိသည့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်လေ့လာမည်ဆိုလျှင် အကျိုးရှိမည်ဖြစ်ပါသည်။ ကာကွယ်စောင့်ရှောက်မှုများအတွက် စူးစိုက်လုပ်ဆောင်ရမည့်လုပ်ငန်းများကို သိရှိနိုင်ရန်နှင့် အရေးကြီးသည့်ကိစ္စရပ်များကို သတိမမူဘဲ လျှစ်လျူရှုမိခြင်းမျိုး မရှိစေရန်အတွက် ဤအဆင့်သည် အရေးကြီးပါသည်။ ထို့ပြင် အမျိုးသား REDD+ မဟာဗျူဟာ သို့မဟုတ် လုပ်ငန်းစီမံချက်ထဲတွင် ထည့်သွင်းရမည့် PaMများကို ရွေးချယ်ခြင်းနှင့် ဒီဇိုင်းရေးဆွဲခြင်း လုပ်ငန်းစဉ်အတွက် လိုအပ်သော သတင်းအချက်အလက်များကိုလည်း ဤအဆင့်မှ ရရှိနိုင်ပါသည်။ သို့မှသာ

[17]This diagram is a simplified version of Figure 1 in: UN-REDD Programme Safeguards Coordination Group (2016). Conceptual framework for country approaches to safeguards. Technical Brief 02. UN-REDD Programme, Geneva, Switzerland.

PaM များ၏ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်နိုင်မှု အတိုင်းအတာမှာ မြင့်မားလာပြီး စီမံကိုင်တွယ်ရန် လိုအပ်သည့် အန္တရာယ်ဖြစ်နိုင်ခြေများ၊ အန္တရာယ်များ ကြွင်းကျန်နေနိုင်သည့် နယ်ပယ်များကို သာမက အကျိုးကျေးဇူးများ တိုးပွားရရှိစေရန် ထပ်ဆောင်းလုပ်ဆောင်ရမည့် နယ်ပယ်များကိုလည်း သိရှိနိုင်မည် ဖြစ်ပါသည်။

## မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ (PLRs) အား သတ်မှတ်ဖော်ထုတ်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အားကောင်းစေခြင်း

နိုင်ငံအများစုရှိ တည်ဆဲဥပဒေမူဘောင်များနှင့် နိုင်ငံရေးမူဘောင်များသည် ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများတွင် ပါဝင်သည့် ကိစ္စရပ်များကို အတိုင်းအတာတစ်ခုအထိ ကိုင်တွယ်ဖြေရှင်းပြီး ဖြစ်ကြပါသည်။ ဥပမာ တိုင်းရင်းသားလူမျိုးများ၏ နယ်မြေဒေသများတွင် ဆောင်ရွက်ရန် စီစဉ်ထားသော လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ တိုင်းရင်းသားများ၏ ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ပေးရန် သို့မဟုတ် အချို့သော စီမံချက်အမျိုးအစားများအတွက် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် သက်ရောက်မှုများကို ဆန်းစစ်လေ့လာမှုများ ပြုလုပ်ရန် ဥပဒေများ ပြဋ္ဌာန်းထားပြီးဖြစ်နိုင်သည်။ အုပ်ချုပ်ရေးအစီအမံများကို အသစ်ချမှတ်ခြင်းထက် ပြဋ္ဌာန်းထားပြီးဖြစ်သော မူဘောင်များပေါ်တွင် အခြေပြုခြင်းသည် ကာကွယ်စောင့်ရှောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် လေးစားလိုက်နာရန် ပိုမိုလွယ်ကူသော နည်းလမ်းတစ်ခု ဖြစ်နိုင်ပါသည်။ လက်ရှိ PLR များမှ ကောင်းစွာကိုင်တွယ်ဖြေရှင်းထားပြီးဖြစ်သော ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများနှင့် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန် လိုအပ်နေသေးသော PLR များကို သတ်မှတ်ဖော်ထုတ်နိုင်ရန်အတွက် သက်ဆိုင်ရာ မူဝါဒများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြန်လည်သုံးသပ်လေ့လာမှုအား မကြာခဏ ပြုလုပ်လေ့ရှိကြပါသည်။ PLR သုံးသပ်လေ့လာမှုတွင် သက်ဆိုင်ရာ မူဝါဒ သို့မဟုတ် ဥပဒေစာရွက်စာတမ်း အသီးသီး၏ စကားလုံးအသုံးအနှုန်းများ (ဆိုလိုသည်မှာ ကာကွယ်စောင့်ရှောက်မှုများကို တည်ဆဲမူဘောင်များဖြင့် မည်သို့ 'ကိုင်တွယ်ဆောင်ရွက်ရမည်' ဟု ပြဋ္ဌာန်းထားချက်များ) ကိုသာမက ယင်းတို့အား မည်သည့်အတိုင်းအတာအထိ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသနည်းဆိုသည်ကိုပါ ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထိုသို့လက်တွေ့အကောင်အထည်ဖော်နေသည့် အတိုင်းအတာကို သုံးသပ်လေ့လာထားမှသာလျှင် REDD+ PaM များကို ဆောင်ရွက်သည့်အခါ ကာကွယ်စောင့်ရှောက်မှုများကို မြေပြင်တွင် မည်သည့်အတိုင်းအတာအထိ 'လေးစားလိုက်နာ' နိုင်မည်ဆိုသည်ကို သိရှိနိုင်မည်ဖြစ်ပါသည်။ သုံးသပ်လေ့လာမှု၏ ရလဒ်များပေါ် အခြေပြုကာ PLR များကို အကောင်အထည်ဖော်ရန် သို့မဟုတ် PLR များတွင် ကွာဟချက် တစ်စုံတစ်ရာ တွေ့ရှိရပါက ဖြည့်ဆည်းရန် လိုအပ်သော လုပ်ငန်းအဆင့်များကို အစီအစဉ်ရေးဆွဲနိုင်မည် ဖြစ်ပါသည်။ PLR များကို သတ်မှတ်ဖော်ထုတ်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အားကောင်းစေခြင်းတို့ကို ဆောင်ရွက်ရာတွင် ချမှတ်ရန်လျာထားသော PaM များ၏ အကျိုးအပြစ်သုံးသပ်ချက်မှ ရလဒ်များကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထို့ပြင် ဤလုပ်ငန်းသည် ခန့်ခွန်းကာကွစောင့်ရှောက်မှုများကို နိုင်ငံ၏ အခြေအနေများနှင့် ကိုက်ညီကာ ရှင်းရှင်းလင်းလင်း သတ်မှတ်ဖွင့်ဆိုသည့် လုပ်ငန်း (အောက်တွင်ကြည့်ပါ) နှင့်လည်း များစွာ ချိတ်ဆက်မှုရှိပါသည်။

## နိုင်ငံ၏ အခြေအနေများနှင့်ကိုက်ညီကာ ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများကို ရှင်းရှင်းလင်းလင်း ဖွင့်ဆိုသတ်မှတ်ခြင်း

ခန့်ခွန်းတွင် သဘောတူသတ်မှတ်ခဲ့ကြသော ကာကွယ်စောင့်ရှောက်မှုများသည် REDD+ လုပ်ငန်းများကို ဒီဇိုင်းပုံစံရေးဆွဲအကောင်အထည်ဖော်သည့်အခါတွင် သတိပြုဆောင်ရွက်ရန် လိုအပ်သည့် အဓိကကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းထားခြင်း ဖြစ်ပါသည် (အပိုင်း ၃ တွင် ကြည့်ရန်)။ သို့သော် ချမှတ်ထားသော ဆုံးဖြတ်ချက်များတွင် ယေဘုယျဆန်သော စကားလုံးအသုံးအနှုန်းများကိုသာ သုံးနှုန်းထားသဖြင့် REDD+ နိုင်ငံများ ဖြစ်လာရန် အလားအလာရှိသည့် နိုင်ငံများတွင် တွေ့ရှိရမည့် အဖွဲ့အစည်းဆိုင်ရာ၊ လူမှုစီးပွားရေးဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေအမျိုးမျိုးနှင့်ကိုက်ညီကာ ကာကွယ်စောင့်ရှောက်မှုများကို ကျင့်သုံးဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကာကွယ်စောင့်ရှောက်မှုများတွင် အသုံးပြုသည့် ဝေါဟာရအသုံးအနှုန်းများကို အဓိပ္ပါယ်ပြန်ဆိုကောက်ယူပုံ၊ ကာကွယ်စောင့်ရှောက်မှုတစ်ခုချင်းစီနှင့်စပ်လျဉ်းသည့် အဓိကအလေးထားရမည့် ကိစ္စရပ်များကို ဆက်စပ်ပတ်သက်သူများအားလုံး တူညီစွာ နားလည်သဘောပေါက်နိုင်အောင် ဆောင်ရွက်ထားရန် အကြံပြုလိုပါသည်။ ထိုသို့တူညီစွာနားလည်သဘောပေါက်မှုသည် မိမိနိုင်ငံ၏အခြေအနေနှင့်လျော်ညီစွာ ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများကို လိုက်နာကျင့်သုံးသည့်နေရာတွင် အထောက်အကူဖြစ်ပါသည်။ အကျိုးဆက်စပ်သူများအား တိုင်ပင်ဆွေးနွေးမှုနှင့် ပါဝင်ဆောင်ရွက်စေမှု လုပ်ငန်းစဉ်အတွင်းတွင် ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများကို ရှင်းရှင်းလင်းလင်းသတ်မှတ်ဖွင့်ဆိုခြင်းအား ထည့်သွင်းလုပ်ဆောင်ကာ ဆွေးနွေးမှုများမှ ထွက်ပေါ်လာသော ရလဒ်များကို တရားဝင်စာတမ်းတစ်ခုအဖြစ် ထုတ်ပြန်ထားနိုင်ပါ က အကျိုးရှိနိုင်ကြောင်း နိုင်ငံအများအပြားတွင် တွေ့ရှိရပါသည်။ ခန့်ခွန်းကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီကာ ရှင်းရှင်းလင်းလင်း ဖွင့်ဆိုသတ်မှတ်သည့်လုပ်ငန်းတွင် ချမှတ်ကျင့်သုံးရန် လျာထားသည့် PaMများ၏ အကျိုးအပြစ်လေ့လာဆန်းစစ်ချက်မှ ရလဒ်များကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထို့ပြင် PLR များကို သုံးသပ်လေ့လာမှုနှင့်လည်း နီးကပ်စွာ ပေါင်းစပ်ညှိနှိုင်းကာ ဆောင်ရွက်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရှင်းရှင်းလင်းလင်းသတ်မှတ်ဖွင့်ဆိုပြီးပါက ကာကွယ်စောင့်ရှောက်မှုတစ်ခုချင်းစီနှင့် ဆက်နွယ်မှုအရှိဆုံး PLR များနှင့် PLR စနစ်အတွင်းရှိ ကွာဟချက်များကို သတ်မှတ်ဖော်ထုတ်ရန် ပိုမိုလွယ်ကူသွားသောကြောင့် ဖြစ်ပါသည်။ ထို့ပြင် ကာကွယ်စောင့်ရှောက်မှုများကို ရှင်းလင်းဖွင့်ဆိုသော စာတမ်းတွင် ပါရှိသည့် အဓိကကျသော PLR များကို ရည်ညွှန်းကိုးကားရာတွင်လည်းကောင်း၊ ယင်း၏ စကားလုံးအသုံးအနှုန်းများသည် ဥပဒေဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ကိုက်ညီကြောင်း သေချာအောင် လုပ်ဆောင်ရာတွင်လည်းကောင်း အသုံးဝင်ပါသည်။

## PLR များကို အကောင်အထည်ဖော်ရန်အတွက် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များကို သတ်မှတ်ဖော်ထုတ်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အားကောင်းစေခြင်း

ဤလုပ်ငန်းကို PLR များအား ဆန်းစစ်အကဲဖြတ်မှုပေါ်တွင် အခြေပြုကာ သို့မဟုတ် ပေါင်းစပ်ကာ ဆောင်ရွက်နိုင်ပါသည်။ ကာကွယ်စောင့်ရှောက်မှုများနှင့် ဆက်နွယ်သည့် အဓိက PLR များကို အကောင်အထည်ဖော်ရန်၊ စောင့်ကြည့်လေ့လာရန်နှင့် လိုက်နာအောင်ဆောင်ရွက်ရန် တာဝန်ရှိသော အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ၊ ရရှိနိုင်သော အရင်းအမြစ်များ (ဝန်ထမ်းများ၊ ကျွမ်းကျင်မှုများ၊ ပစ္စည်းကိရိယာများနှင့် ရန်ပုံငွေများ) ကို သုံးသပ်လေ့လာရပါမည်။ ဖော်ထုတ်တွေ့ရှိထားသော ကွာဟချက်များကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းအချို့ကို ထိုသုံးသပ်လေ့လာချက်မှတစ်ဆင့် သိရှိနိုင်ပြီး ထိုအကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်

သည်များကို စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ PLR မူဘောင် အားကောင်းစေရေးအတွက် အဆိုပြုလွှာများ ရေးသားပြုစုသောအခါတွင်လည်း အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များ ဆန်းစစ်အကဲဖြတ်မှုမှ ထွက်ပေါ်လာသည့် ရလဒ်များကို အသုံးပြုနိုင်ပါသည်။ ဥပမာ ကာကွယ်စောင့်ရှောက်မှုများကို ကိုင်တွယ်ဆောင်ရွက်ရာတွင် ရှိနေသည့် ကွာဟချက်များကို ဖြည့်ဆည်းနိုင်ရန် အဆိုပြုမည့် PLR အသစ်များ သို့မဟုတ် လုပ်ထုံးလုပ်နည်း အသစ်များကို အဆိုပြုရန် လိုအပ်နိုင်ပါသည်။ ထိုအခါ အဆိုပြုရန်ရှိသည့် PLR များကို အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်ပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ၎င်းတို့၏ စွမ်းရည်မြှင့်တင်မှုလိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်နိုင်ရန် ထိုဆန်းစစ်အကဲဖြတ်မှုက အထောက်အကူပြုနိုင်ပါသည်။

## သတင်းအချက်အလက်စနစ်များနှင့် ရင်းမြစ်များကို သတ်မှတ်ဖော်ထုတ်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အားကောင်းစေခြင်း

UNFCCC ဆုံးဖြတ်ချက်များ (အပိုင်း ၃တွင် ကြည့်ရန်) အရ နိုင်ငံများသည် ၎င်းတို့၏ ကာကွယ်စောင့်ရှောက်မှု သတင်းစနစ် (SIS) အတွက် အခြေခံအဖြစ် ရှိနှင့်ပြီးသား သတင်းစနစ်များကို သင့်လျော်ပါက အသုံးပြုသင့်ပါသည်။ SIS အတွက် အချက်အလက်များကို ပေးနိုင်မည့် သင့်လျော်သော သတင်းရင်းမြစ်များနှင့် စနစ်များကို သတ်မှတ်ဖော်ထုတ်နိုင်ရန်အလို့ငှာ ပထမဆုံးလုပ်ဆောင်ရမည့်လုပ်ငန်းမှာ REDD+ ကို အကောင်အထည်ဖော်နေသည့်ကာလတစ်လျှောက်လုံးတွင် ကာကွယ်စောင့်ရှောက်မှုများကို ကိုင်တွယ်ဆောင်ရွက်ပုံ၊ လေးစားလိုက်နာပုံတို့နှင့်စပ်လျဉ်း၍ မည်သည့် သတင်းအချက်အလက်အမျိုးအစားများကို မှတ်တမ်းတင်ရယူရန် လိုအပ်ကြောင်းကို သိရှိအောင် လုပ်ဆောင်ရန် ဖြစ်ပါသည်။ ဤလုပ်ငန်းအဆင့်တွင် နိုင်ငံ၏ REDD+အတွက် မဟာဗျူဟာကျချဉ်းကပ်မှု၊ အဆိုပြုထားသော REDD+ PaM များ၏ အတိုင်းအတာနှင့် သဘာဝ (ဥပမာ လိုအပ်သော သတင်းအချက်အလက်များအား ရယူစုဆောင်းရမည့် နေရာဒေသများနှင့် ကဏ္ဍများကို ဆုံးဖြတ်သတ်မှတ်ရန်)၊ အကျိုးအပြစ် ဆန်းစစ်လေ့လာချက်၏ ရလဒ်များ၊ ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံ၏ အခြေအနေများနှင့်ကိုက်ညီကာ ရှင်းရှင်းလင်းလင်းဖြစ်စေမှုနှင့် PLR သုံးသပ်လေ့လာမှုများ၏ ရလဒ်များကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။ သတင်းလိုအပ်ချက်များကို ဖော်ထုတ်ပြီးပြီဆိုသည်နှင့်တစ်ပြိုင်နက် သတင်းစနစ်အမျိုးမျိုးမှ SIS အတွက် ကူညီပံ့ပိုးပေးနိုင်မည့် အတိုင်းအတာကို သုံးသပ်အကဲဖြတ်နိုင်မည်ဖြစ်သည်။ သတင်းစနစ်များ၏ အမျိုးအစား၊ ၎င်းတို့ ပံ့ပိုးပေးနိုင်သည့် အချက်အလက်ပမာဏနှင့် အရည်အသွေး၊ ထိုစနစ်များကို ထိန်းသိမ်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်များ၊ တာဝန်များနှင့် စွမ်းဆောင်ရည်များကို ကြည့်ကာ သုံးသပ်အကဲဖြတ်ရပါမည်။ ဤနေရာတွင်လည်း သုံးသပ်လေ့လာမှုနှင့် အဖွဲ့အစည်းစွမ်းဆောင်ရည် ဆန်းစစ်အကဲဖြတ်မှုမှ ရလဒ်များသည် အသုံးဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကာကွယ်စောင့်ရှောက်မှုများနှင့်ဆက်နွယ်သော ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပေးနိုင်သော အဖွဲ့အစည်းများကို သတ်မှတ်ဖော်ထုတ်ရန်နှင့် သုံးသပ်အကဲဖြတ်ရန် အထောက်အကူပြုနိုင်သောကြောင့် ဖြစ်ပါသည်။ သတင်းရင်းမြစ်များကို ဆန်းစစ်လေ့လာမှုမှ ထွက်ပေါ်လာသော ရလဒ်များကို အခြေခံကာ အစပ်အဟပ်မိသည့် SIS စနစ်တစ်ခုအဖြစ် စုစည်းတည်ထောင်ရန်အတွက် ဖွဲ့စည်းပုံတစ်ခုနှင့် အဖွဲ့အစည်းဆိုင်ရာ အစီအမံများကို ဒီဇိုင်းရေးဆွဲနိုင်ပြီး SIS တွင် ပါဝင်သည့်

အရာများ သို့မဟုတ် လုပ်ငန်းလည်ပတ်နိုင်မှုနှင့် စပ်လျဉ်း၍ ကွာဟချက်များ ရှိနေပါက ဖြည့်ဆည်းပေးမည့် အစီအစဉ်များကိုလည်း ရေးဆွဲနိုင်ပါသည်။ [18]

### အကျိုးဆက်စပ်ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း

ပုံတွင် ပြထားသည့်အတိုင်း (ပုံ ၁) ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံတစ်နိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်ရမည့်နည်းလမ်းကို ချမှတ်သည့် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် အကျိုးဆက်စပ်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှုများကို ပြုလုပ်သွားသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကာကွယ်စောင့်ရှောက်မှုများအတွက် နိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မည့်နည်းလမ်းကို ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုများ ရရှိရန်နှင့် မိမိတို့၏ ကိုယ်ပိုင်အဖြစ်ခံယူမှုများ ရှိစေရန်အတွက် ထိုညှိနှိုင်းဆွေးနွေးမှုများသည် အရေးပါသောကြောင့် ဖြစ်ပါသည်။ ထို့ပြင် မြေအသုံးချမှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် သက်ဆိုင်သော အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ အပါအဝင် အကျိုးဆက်စပ်ပတ်သက်သူအားလုံး၏ အမြင်များနှင့် အသိပညာဗဟုသုတများကိုလည်း ရယူနိုင်သောကြောင့် ဖြစ်ပါသည်။ နိုင်ငံများသည် နိုင်ငံတွင်းရှိ ဖွဲ့စည်းပုံများ သို့မဟုတ် တွေ့ဆုံနိုင်သည့် အခွင့်အလမ်းများကို အသုံးပြုကာ အကျိုးဆက်စပ်သူများကို ပါဝင်ဆောင်ရွက်စေဖို့ ဖြစ်နိုင်မည်လားဆိုသည်ကို ဆန်းစစ်သင့်ပြီး အထူးသဖြင့် နိုင်ငံရေးအရ ပံ့ပိုးကူညီနိုင်သူများ၊ ကာကွယ်စောင့်ရှောက်မှုများနှင့် ဆက်နွယ်၍ ခိုင်မာသော လုပ်ပိုင်ခွင့်နှင့် တာဝန်များ၊ ချိတ်ဆက်မှုရှိသူများ ပါဝင်ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိဆန်းစစ်သင့်ပါသည်။

## ၅-၂။ ကာကွယ်စောင့်ရှောက်မှုများအတွက် မြန်မာနိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းနှင့် အဆင့်ဆင့်ဆောင်ရွက်သွားရမည့် လုပ်ငန်းများ

**သတိပြုရန်** - *ကာကွယ်စောင့်ရှောက်မှုများအတွက် မြန်မာနိုင်ငံမှ ချဉ်းကပ်ဆောင်ရွက်ရမည့် နည်းလမ်းကို ချမှတ်နိုင်ရန်အတွက် အဆိုပြုထားသော အောက်ဖော်ပြပါ လုပ်ငန်းများသည် ၂၀၁၇ခုနှစ်၊ မတ်လ ၂၈ ရက်တွင် ကျင်းပသော TWG-SES အစည်းအဝေးနှင့် မတ်လ ၂၉ရက်မှ ၃၀ရက်အထိ ကျင်းပသော REDD+ ကာကွယ်စောင့်ရှောက်မှုများ လမ်းပြမြေပုံရေးဆွဲမှု အလုပ်ရုံဆွေးနွေးပွဲတွင် ဆောင်ရွက်ခဲ့သော အဖွဲ့လိုက်ဆွေးနွေးမှုနှင့် တက်ရောက်သူများအားလုံးစုံညီဆွေးနွေးမှုများမှ ရလဒ်များကို အခြေခံကာ TWG-SES အဖွဲ့ဝင်များနှင့် အခြားဆက်စပ်ပတ်သက်သူများက သုံးသပ်လေ့လာပြီးမှ အဆိုပြုတင်ပြထားခြင်း ဖြစ်ပါသည်။ မူကြမ်းရေးဆွဲပြုစုရေးအဖွဲ့က ဆွေးနွေးချက်မှတ်စုများကို ရှင်းရှင်းလင်းလင်းနှင့် အချိတ်အဆက်မိမိ ဖြစ်စေရန် တည်းဖြတ်ပြီးနောက် လိုအပ်နေသော အသေးစိတ်အချက်အလက်များကို အကြံပြုထည့်သွင်းပေးခဲ့ပါသည်။ ယခုအဆိုပြုတင်ပြထားသော လုပ်ငန်းများကို စုစည်းထားပုံနှင့် ရှေ့နောက်အစီအစဉ်များသည် ရှေ့အပိုင်းတွင် ဖော်ပြခဲ့သော စံလုပ်ငန်းအဆင့်များနှင့် အနည်းငယ်ကွာခြားနေသည်ကိုလည်း သတိပြုစေလိုပါသည်။ ထိုသို့ ကွာခြားရခြင်းမှာ အလုပ်ရုံဆွေးနွေးပွဲတွင် ထိုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးစဉ်အတွင်း ပြုလုပ်ခဲ့သော ညှိနှိုင်းပြင်ဆင်ချက်များကြောင့် ဖြစ်ပြီး မြန်မာနိုင်ငံရှိ ကာကွယ်စောင့်ရှောက်မှုများ၏ အခြေအနေများကို ထင်ဟပ်နိုင်ရန်အတွက်လည်း ဖြစ်ပါသည်။ ထို့ပြင် ယခုစာတမ်းကို ရှေ့ပြေးစာတမ်းတစ်ခုအဖြစ်သာ မှတ်ယူကာ အနာဂတ်တွင် ကာကွယ်စောင့်*

---

[18] SIS စနစ်တစ်ခုမှ ဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းများတွင် အချက်အလက်များစုစည်းခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ အတည်ပြုခြင်းနှင့် ဖြန့်ဝေခြင်းတို့ ပါဝင်ပါသည်။ ပိုမိုအသေးစိတ်သိလိုပါက Cheney et al. (2015). REDD+ Safeguards Information Systems: practical design considerations. UN-REDD Programme Technical Brief 01. UN-REDD Programme, Geneva, Switzerland တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

*ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်နည်း၏ လုပ်ငန်းအဆင့်များနှင့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ပြင်ဆင်မှုများ ပြုလုပ်နိုင်ပါသည်။*

အလုပ်ရုံဆွေးနွေးပွဲတွင် အတည်ပြုခဲ့သည့်အတိုင်း လမ်းပြမြေပုံတွင် ပါဝင်သည့် အဆင့်များအားလုံးအတွက် နည်းပညာလမ်းညွှန်မှုများ ပေးခြင်းနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို အတည်ပြုခြင်းတို့ကို ပြုလုပ်ပေးမည့် ဦးဆောင်အဖွဲ့မှာ TWG-SES ဖြစ်ပါသည်။ အချို့လုပ်ငန်းအဆင့်များအတွက် အခြားသော အဖွဲ့အစည်းများမှ အတည်ပြုချက်များ သို့မဟုတ် ကူညီပံ့ပိုးမှုများလည်း လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။ ထိုသို့လိုအပ်ပါက စာထဲတွင် ထည့်သွင်းရေးသားထားပြီး ဖြစ်ပါသည်။ စာရွက်စာတမ်းမူကြမ်းများကို ပြုစုရန်အတွက် တာဝန်ခွဲဝေထားမှုများနှင့် အစီအမံများနှင့်စပ်လျဉ်း၍ လက်ရှိတွင် ရနိုင်သမျှ သတင်းအချက်အလက်များကို ထည့်သွင်းဖော်ပြပေးထားပါသည်။

## အကျိုးဆက်စပ်ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း

ကာကွယ်စောင့်ရှောက်မှုများနှင့်စပ်လျဉ်း၍ အကျိုးဆက်စပ်ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ရန်အတွက် အောက်ပါလုပ်ငန်းအဆင့်များကို သတ်မှတ်ဖော်ထုတ်ထားပါသည်။

### ၁) အကျိုးဆက်စပ်ပတ်သက်သူများနှင့်စပ်လျဉ်းသည့် နောက်ဆုံးရအချက်အလက်များကို စဉ်ဆက်မပြတ် လေ့လာမှတ်တမ်းတင်ခြင်း၊ အခြားသော သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း

ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ လုပ်ငန်းစဉ်တွင် အကျိုးဆက်စပ်ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးရန်အတွက် လက်ရှိရေးဆွဲထားသော အစီအစဉ်များတွင် သက်ဆိုင်သည့်အုပ်စုများအားလုံး မပါဝင်သေးဟု အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများက ဆွေးနွေးကြပါသည်။ လူငယ်များနှင့် ပညာရှင်များ မပါဝင်သေးကြောင်း ထောက်ပြကြပါသည် (နောက်ဆက်တွဲ က-၂ တွင် အဖွဲ့လိုက်ဆွေးနွေးမှုများကို ကြည့်ရန်)။ ထို့ကြောင့် အောက်ပါတို့ကို အကြံပြုထားပါသည် -

- သက်ဆိုင်ရာ အကျိုးဆက်စပ်သူများကို ကိုယ်စားပြုသော အဖွဲ့အစည်းများအကြောင်း သတင်းအချက်အလက်အသစ်များကို အကျိုးဆက်စပ်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင် (Stakeholder Engagement Specialist) မှ စုဆောင်းပြီး အကျိုးဆက်စပ်သူများမြေပုံတွင် ဖြည့်စွက်ထည့်သွင်းပြီး TWG-SES သို့ သဘောထားမှတ်ချက်ရယူရန် အစီရင်ခံတင်ပြပေးရန်၊
- အကျိုးဆက်စပ်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှုအစီအစဉ်တွင် ပါဝင်သည့် လုပ်ငန်းများ၌ သတ်မှတ်ဖော်ထုတ်ထားသော အကျိုးဆက်စပ်သူအားလုံး၏ ကိုယ်စားပြုပါဝင်နိုင်မှု အခွင့်အလမ်းများကို Stakeholder Engagement Specialist မှ ဆန်းစစ်အကဲဖြတ်ကာ တွေ့ရှိသည့်အချက်အလက်များကို အစီအစဉ်ကို အကောင်အထည်ဖော်သည့်အခါတွင် ထည့်သွင်းအသုံးပြုရန်၊
- TWG-SES တွင် အဖွဲ့ဝင်သစ်များ ထပ်မံထည့်သွင်းဖွဲ့စည်းသည့် နည်းလမ်းအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ထိတွေ့ဆက်သွယ်မှုများ တိုးပွားလာစေရန်အတွက် အဆိုပြုလွှာတစ်ခုကို PMU မှ

ပြုစုကာ TWG သို့ မျှဝေပေးရန်။[19] TWG တွင် တိုင်ပင်ဆွေးနွေးပြီးနောက် ထွက်ပေါ်လာသော မည်သည့်အကြံပြုချက်များကိုမဆို သက်ဆိုင်ရာ အဖွဲ့အစည်းများ (ဥပမာ REDD+ အထူးလုပ်ငန်း အဖွဲ့) သို့ တင်ပြကာ အတည်ပြုချက်ရယူရန်။

## ၂) အကျိုးဆက်စပ်ပတ်သက်သူများအတွက် (TWG အဖွဲ့ဝင်များအတွက် အပါအဝင်) သင်တန်းများနှင့် စွမ်းရည်မြှင့်တင်မှုများ ဆက်လက်ပြုလုပ်ပေးခြင်း

လမ်းပြမြေပုံအလုပ်ရုံဆွေးနွေးပွဲတွင် အလေးပေးဆွေးနွေးခဲ့သော အကြောင်းအရာများထဲတွင် ကာကွယ်စောင့်ရှောက်မှုများနှင့်စပ်လျဉ်း၍ စွမ်းရည်မြှင့်တင်မှုများ ဆက်လက်ပြုလုပ်ပေးသွားရန် လိုအပ်နေမှုကို ဆွေးနွေးခြင်းလည်း ပါဝင်ပြီး စွမ်းရည်မြှင့်တင်မှုများ ပြုလုပ်ပေးမှသာ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို ကောင်းစွာသိရှိပြီး လုပ်ငန်းစဉ်တွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်လိမ့်မည်ဟု ဆိုပါသည်။ သို့သော် အချိန်နှင့် ရန်ပုံငွေများ အကန့်အသတ်ရှိသည့်အတွက် စွမ်းရည်မြှင့်တင်ပေးရမည့် အကြောင်းအရာများနှင့် ဦးတည်အုပ်စုများကို ဦးစားပေးအဆင့် သတ်မှတ်ကာ ရွေးချယ်ဖို့ လိုအပ်ကြောင်းကိုလည်း ဆွေးနွေးကြပါသည်။

ဤလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် အောက်ပါလုပ်ငန်းများကို လုပ်ဆောင်ရန် အဆိုပြုထားပါသည်။

- ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ အခြေခံသတင်းအချက်အလက်များကို အကျိုးဆက်စပ်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း အစီအစဉ်အောက်တွင် ပါရှိသော တိုင်ပင်ဆွေးနွေးပွဲများ၏ အဖွင့်မိတ်ဆက်အပိုင်းများတွင် ထည့်သွင်းတင်ပြပေးရန်၊ တိုင်ပင်ဆွေးနွေးပွဲများတွင် လျာထားသည့် PaMများ၏ အကျိုးအပြစ်များအကြောင်း ဆွေးနွေးချက်များသည် တက်ရောက်သူများကြား အသိပညာနှင့် စွမ်းဆောင်ရည် တိုးပွားစေရန် ဆက်လက်အထောက်အကူပြုမည်ဖြစ်သည်။
- TWG အဖွဲ့ဝင်များအတွက် ကြိုတင်သတ်မှတ်ဖော်ထုတ်ထားသော စွမ်းဆောင်ရည်လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးမည့် သင်တန်းအစီအစဉ်တစ်ခုကို UNEP-WCMC နှင့် ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ မြန်မာအကြံပေးအရာရှိ (National Safeguards Consultant) တို့မှ ကျင်းပပေးရန်၊ အကျိုးအပြစ်များ ဆန်းစစ်လေ့လာချက်၏ ရလဒ်များကို ဆွေးနွေးရန် ကျင်းပသည့် TWG အစည်းအဝေးနှင့် လည်း ပူးပေါင်းကျင်းပနိုင်ပါသည် (အောက်တွင် ကြည့်ရန်)။

## ၃) ချမှတ်ကျင့်သုံးရန် အလားအလာရှိသည့် PaM များ၏ အကျိုးအပြစ်များဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေဖလှယ်ခြင်း

အဆိုပြုထားသော REDD+ PaM များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးအပြစ်များကို ဆန်းစစ်ဖော်ထုတ်ခြင်းသည် ကာကွယ်စောင့်ရှောက်မှုများအတွက် ချဉ်းကပ်ဆောင်ရွက်မည့်နည်းလမ်းကို ချမှတ်သည့် လုပ်ငန်းစဉ်တွင် ပါဝင်သော အဆင့်တစ်ဆင့် ဖြစ်ပြီး အကျိုးဆက်စပ်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးကာ ဆောင်ရွက်မှသာ ထိရောက်မည်ဖြစ်ပါသည် (အပိုင်း ၅-၁ ကို ကြည့်ရန်)။

၂၀၁၇ခုနှစ်တွင် ကျင်းပရန်လျာထားသော နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီးအဆင့် REDD+ PaMဆိုင်ရာ တိုင်ပင်ဆွေးနွေးပွဲများတွင် အကျိုးအပြစ်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို မျှဝေဖလှယ်သည့် အစီ

[19] TWG-SES တွင် လက်ရှိ ပါဝင်ဆောင်ရွက်လျက်ရှိသော နည်းပညာကျွမ်းကျင်ပညာရှင်များအပြင် ပါဝင်သည့် အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိများကိုလည်း ထည့်သွင်းဖွဲ့စည်းသင့်သည်ဟူသော အကြံပြုချက်တစ်ခုကိုလည်း အလုပ်ရုံဆွေးနွေးပွဲတွင် လက်ခံရရှိခဲ့ ပါသည်။

အစဉ်တစ်ခု ပါဝင်မည်ဖြစ်ပါသည်။ ထိုတိုင်ပင်ဆွေးနွေးပွဲများကို UNEP-WCMC နှင့် National Safeguards Consultant တို့ထံမှ နည်းပညာဆိုင်ရာ အကြံပြုကူညီပံ့ပိုးမှုများဖြင့် Stakeholder Engagement Specialist မှ ကျင်းပပေးမည်ဖြစ်ပါသည်။

## ၄) ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မည့်နည်းလမ်းအတွက် ရရှိလာသော သတင်းအချက်အလက်များကို ထည့်သွင်းစဉ်းစားအသုံးပြုခြင်း

အကျိုးဆက်စပ်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများတွင် စုဆောင်းရရှိသည့် ချမှတ်ကျင့်သုံးရန်ရှိသော REDD+ PaM များ၏ အကျိုးအပြစ်များအကြောင်း သတင်းအချက်အလက်များကို အနှစ်ချုပ်ကာ အစပ်အဟပ်မိမိ ကျိုးကြောင်းဆီလျော်မှု ရှိ၊မရှိ စစ်ဆေးဖို့ လိုအပ်ပါသည်။ သို့မှသာ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ ချဉ်းကပ်နည်းကို ချမှတ်ရန် လုပ်ဆောင်ရမည့် အခြားလုပ်ငန်းများတွင် အသုံးပြုရန် အဆင်သင့်ရှိနေနိုင်မည်ဖြစ်သည်။ အထူးသဖြင့် PLR သုံးသပ်လေ့လာမှုနှင့် ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံအခြေအနေနှင့် ကိုက်ညီကာ ရှင်းရှင်းလင်းလင်းဖြစ်စေခြင်းလုပ်ငန်းများအတွက် အသုံးပြုနိုင်ပါသည် (အောက်တွင် ကြည့်ရန်)။ အမျိုးသားအဆင့် REDD+ မဟာဗျူဟာရေးဆွဲနေသည့် လုပ်ငန်းစဉ်အတွက်လည်း အသုံးပြုသင့်ပါသည်။ အကျိုးဆက်စပ်သူများထံမှ စုဆောင်းရရှိသော သတင်းအချက်အလက်များကို အခြေခံကာ အကျိုးအပြစ်များကို ခြုံငုံဆန်းစစ်လေ့လာရန်အတွက် အဆိုပြုထားသော အစီအမံများကို အောက်တွင် ဖော်ပြထားပါသည်။

### ချမှတ်ကျင့်သုံးနိုင်ခြေရှိသော မူဝါဒများနှင့် နည်းလမ်းများ၏ အကျိုးအပြစ်များကို ဆန်းစစ်အကဲဖြတ်ခြင်း

အကျိုးဆက်စပ်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများမှ ထွက်ပေါ်လာသော ရလဒ်များကို စိစစ်ကာ မြန်မာနိုင်ငံအတွက် ချမှတ်ကျင့်သုံးနိုင်ခြေရှိသည့် REDD+ PaM များ၏ အကျိုးအပြစ်များကို ခြုံငုံဆန်းစစ်အကဲဖြတ်မှုတွင် ထည့်သွင်းအသုံးချနိုင်ရန်အတွက် အောက်ပါလုပ်ငန်းအဆင့်များကို အကြံပြုထားပါသည်။

- National Safeguards Consultant နှင့် UNEP-WCMC တို့သည် PaM အမျိုးအစားတစ်ခုချင်းစီ၏ အကျိုးအပြစ်များဆိုင်ရာ လေ့လာတွေ့ရှိချက်များနှင့် အဆိုပြုထားသော PaM များအားလုံးအတွက် ယေဘုယျအကျိုးအပြစ်များအနှစ်ချုပ်အား တိတိကျကျတင်ပြထားသော မူကြမ်းစာတမ်းတစ်စောင်ကို ပြုစုကာ TWG-SES သို့ စာဖြင့်ရေးသား၍ လည်းကောင်း၊ အစည်းအဝေးတွင်လည်းကောင်း တင်ပြကာ သဘောထားမှတ်ချက်များ ရယူရန် ဖြစ်သည်။
- TWG-SES ရရှိသော မှတ်ချက်များကို National Safeguards Consultant နှင့် UNEP-WCMC တို့က မူကြမ်းစာတမ်းထဲသို့ ပေါင်းစပ်ထည့်သွင်းရပါမည်။
- ပြင်ဆင်ဖြည့်စွက်ထားသော စာတမ်းကို TWG-SES နှင့် REDD+ အထူးလုပ်ငန်းအဖွဲ့သို့ တင်ပြကာ အတည်ပြုချက်ရယူရန် ဖြစ်ပါသည်။

## PLR များ၊ ၎င်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လိုအပ်သော အဖွဲ့အစည်းဆိုင်ရာ အစီအမံများကို သတ်မှတ်ဖော်ထုတ်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အားကောင်းစေခြင်း

လက်ရှိ PLR များနှင့် ၎င်းတို့ကို အကောင်အထည်ဖော်မှုတို့ကို သုံးသပ်လေ့လာသည့် လုပ်ငန်းစဉ်မှ ကွာဟချက်များကို သတ်မှတ်ဖော်ထုတ်ပြီး နောက်ဆုံးတွင် PLR မူဘောင်နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ စီမံထားရှိမှုတို့ကို အားကောင်းအောင် လုပ်ဆောင်ရပါမည်။ သို့မှသာ ကာကွယ်စောင့်ရှောက်မှုများအားလုံးကို အပြည့်အဝ ကိုင်တွယ်ဆောင်ရွက်ကာ လေးစားလိုက်နာနိုင်မည်ဖြစ်သည်။ သို့သော် ထိုလုပ်ငန်းစဉ်တစ်ခုလုံးကို အပြည့်အဝ အကောင်အထည်ဖော်ဖို့ဆိုလျှင် လက်ရှိ လမ်းပြမြေပုံ၏ အချိန်ကာလအတိုင်းအတာထက် ကျော်လွန်ကာ ရေရှည် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်နိုင်သည်ဟု အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများက PLR ဆန်းစစ်အကဲဖြတ်မှုကို သက်ဆိုင်ရာ အဖွဲ့အစည်းစွမ်းဆောင်ရည်များနှင့် အတူ ဆန်းစစ်အကဲဖြတ်ရန် စဉ်းစားခဲ့ကြပြီး လုပ်ဆောင်ရန် ရည်ရွယ်ထားသော သုံးသပ်လေ့လာမှုများတွင် အဆိုပါအပိုင်းကဏ္ဍနှစ်ခုကို ပေါင်းစပ်ဆောင်ရွက်ရန် အကြံပြုခဲ့ကြပါသည်။ ထိုအတွက် အောက်ပါလုပ်ငန်း အဆင့်များကို အဆိုပြုထားပါသည် -

### ၁) ကာကွယ်စောင့်ရှောက်မှုများကို ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လေးစားလိုက်နာခြင်းတို့နှင့်စပ်လျဉ်းသည့် PLR ဆန်းစစ်အကဲဖြတ်မှု

အမျိုးသား REDD+ မဟာဗျူဟာ ရေးဆွဲသည့် လုပ်ငန်းစဉ်အတွင်းတွင် လတ်တလောအစီအစဉ်ရေးဆွဲနေသော လုပ်ငန်းတစ်ခုမှာ ကာကွယ်စောင့်ရှောက်မှုများနှင့်သက်ဆိုင်သည့် အပိုင်းကဏ္ဍများအပါအဝင် REDD+နှင့် ဆက်နွယ်သော PLR များကို လေ့လာဆန်းစစ်သည့် လုပ်ငန်းဖြစ်ပြီး အကြံပေးအဖွဲ့တစ်ဖွဲ့မှ ဆောင်ရွက်မည်ဖြစ်ပါသည်။ National Safeguards Consultant နှင့် UNEP-WCMC တို့သည် ဤအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပြီး ၎င်းတို့ထံမှ ရရှိသော အကျိုးအပြစ်ဆန်းစစ်ချက် ရလဒ်များကို အသုံးပြုကာ အစီရင်ခံစာမူကြမ်းတစ်စောင်ကို ပြုစုရန် အကြံပြုထားပါသည်။ ထိုအစီရင်ခံစာကို အဓိကအားဖြင့် ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ ရှုထောင့်မှ ရေးသားပြုစုကာ လက်ရှိ PLR များ၏ လွှမ်းခြုံနိုင်မှုနှင့် လက်တွေ့အကောင်အထည်ဖော်နေမှုများကို သုံးသပ်၍ ဖော်ထုတ်တွေ့ရှိသော ကွာဟချက်များကို ဖြည့်ဆည်းပေးရန်အတွက် အကြံပြုချက်များ တင်ပြပေးရပါမည်။

အဆိုပါအစီရင်ခံစာကို TWG-SES, TWG D&S နှင့် REDD+ အထူးလုပ်ငန်းအဖွဲ့များသို့ ပေးပို့ကာ သဘောထားမှတ်ချက်များ ရယူမည်ဖြစ်ပြီး ထိုမှတ်ချက်များကို ပေါင်းစပ်ထည့်သွင်းထားသည့် နောက်ဆုံးအစီရင်ခံစာကို TWG-SES သို့ တင်ပြကာ အတည်ပြုချက်ရယူပါမည်။

### ၂) PLR များတွင် ကွာဟချက်များရှိပါက ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများကို သတ်မှတ်ဖော်ထုတ်ခြင်း

ကာကွယ်စောင့်ရှောက်မှုများနှင့်သက်ဆိုင်သော PLR များအကြောင်း အစီရင်ခံစာကို အပြီးသတ်ပြုစုပြီးနောက်တွင် TWG-SES ၌ ဆွေးနွေးမှုများပြုလုပ်ကာ PLR မူဘောင်အတွင်းရှိ ကွာဟချက်များကို ဖြည့်ဆည်းခြင်း သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာအစီအမံများကို အားကောင်းခိုင်မာစေခြင်းတို့အတွက် တင်ပြထားသော အကြံပြုချက်များကို သုံးသပ်စဉ်းစားကြပါမည်။ ထို့နောက် လက်ခံဆောင်ရွက်သွားမည့် အကြံပြုချက်များကို သတ်မှတ်ဖော်ထုတ်ပေးပါမည်။

### ၃) ကွာဟချက်များကို ဖြည့်ဆည်းရန်အတွက် PLR များကို အားကောင်းအောင် လုပ်ဆောင်ခြင်း

PLR များကို အားကောင်းစေရန်နှင့် ၎င်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုများ တိုးတက်စေရန်အတွက် ရွေးချယ်ထားသော အကြံပြုချက်များ၏ သဘာဝပေါ် မူတည်ကာ အဆင့်မြင့်ပိုင်းမှ အဖွဲ့အစည်းများ သို့မဟုတ် အခြားဝန်ကြီးဌာနများမှ ပံ့ပိုးကူညီမှုများ လိုအပ်နိုင်ပါသည်။ လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်များကို တိတိကျကျ သတ်မှတ်ရန် စောလွန်းနေသေးသော်လည်း REDD+အထူးလုပ်ငန်းအဖွဲ့အနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများထံမှ ကူညီပံ့ပိုးမှုများ ရယူရာတွင် ပါဝင်ဆောင်ရွက်ပေးသင့်သည်ဟု အကြံပြုထားပါသည်။

## ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံ၏ အခြေအနေများနှင့်ကိုက်ညီကာ ရှင်းရှင်းလင်းလင်း သတ်မှတ်ဖွင့်ဆိုခြင်း

ကိုက်ညီရှင်းလင်းမှုများကို စာရွက်စာတမ်းဖြင့် ရေးသားထားလျှင် နားလည်သဘောပေါက်မှုများကို မှတ်တမ်းတင်ရာတွင် အသုံးဝင်လိမ့်မည်ဟု လမ်းပြမြေပုံအလုပ်ရုံဆွေးနွေးတွင် ဆွေးနွေးခဲ့ကြပါသည်။ ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံအခြေအနေနှင့်ကိုက်ညီရှင်းလင်းရန်အတွက် အောက်ပါလုပ်ငန်းအဆင့်များကို အကြံပြုထားပါသည်။

- ကိုက်ညီရှင်းလင်းမှုစာတမ်းအတွက် အသုံးပြုရမည့် ပုံစံ (တင်ပြချက်၊ အခြေခံစည်းမျဉ်းများ၊ စံသတ်မှတ်ချက်များ၊ အခြား?) ကို သတ်မှတ်ရပါမည်။ National Safeguards Consultant နှင့် UNEP-WCMC တို့မှ ပြင်ဆင်တင်ပြသော ပုံစံအမျိုးမျိုးပါဝင်သည့် စာတမ်းတိုတစ်ခုကို အခြေခံကာ TWG-SES မှ ဆုံးဖြတ်ရွေးချယ်ရပါမည်။
- ကိုက်ညီရှင်းလင်းမှုစာတမ်း၏ ပထမဆုံးမူကြမ်းကို National Safeguards Consultant နှင့် UNEP-WCMC တို့မှ အကျိုးအပြစ်ဆန်းစစ်လေ့လာချက်နှင့် PLR သုံးသပ်လေ့လာမှုမှ ရလဒ်များကို အခြေခံကာ ပြုစုရေးသားရန်ဖြစ်ပါသည်။
- အဆိုပါမူကြမ်းကို စာဖြင့်ရေးသား၍ သို့မဟုတ် သီးသန့်ကျင်းပသော အစည်းအဝေးတွင် သို့မဟုတ် ထိုနည်းလမ်းနှစ်ခုစလုံးဖြင့် စိစစ်သုံးသပ်ရေးအဖွဲ့သို့ တင်ပြပါမည်။ မူကြမ်းကို တင်ပြသည့်အစည်းအဝေးအား ကျင်းပမည်ဆိုလျှင် မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ ချဉ်းကပ်နည်း၏ ပန်းတိုင်များနှင့် လွှမ်းခြုံမှုအတိုင်းအတာတို့ကို ပြန်လည်သုံးသပ်ဆွေးနွေးမှုနှင့် တစ်ပေါင်းတည်းလုပ်ဆောင်နိုင်ပါသည် (အပိုင်း ၂ ကို ကြည့်ရန်)။ စိစစ်သုံးသပ်ရေးအဖွဲ့ကို မည်သို့ဖွဲ့စည်းမည်ဆိုသည်ကိုလည်း ဆုံးဖြတ်ရန် လိုအပ်ပါလိမ့်မည် (TWG-SES အပြင် အခြားသူများကိုလည်း ထည့်သွင်းဖွဲ့စည်းမည်လားဆိုသည်ကို ဆုံးဖြတ်ရန်)။
- စိစစ်သုံးသပ်မှုမှ ရရှိသော မှတ်ချက်များကို ထည့်သွင်းကာ မူကြမ်းကို အပြီးသတ်ပြုစုပြီး အတည်ပြုချက်ရယူရန် တင်ပြရပါမည်။ ပထမဦးစွာ TWG-SES သို့ တင်ပြပြီး ထို့နောက်တွင် ပိုမိုအဆင့်မြင့်သည့် အစိုးရကော်မတီတစ်ခုသို့ တင်ပြရမည်ဖြစ်သည်။ (မည်သည့်ကော်မတီဆိုသည်ကို မသတ်မှတ်ရသေးပါ။လမ်းပြမြေပုံအလုပ်ရုံဆွေးနွေးပွဲက သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် နိုင်ငံတော်သမ္မတရုံးမှ အတည်ပြုချက်ရယူရန် အကြံပြုထားပါသည်။)
- အတည်ပြုချက်ရရှိပြီးပါက နိုင်ငံ၏ အခြေအနေများနှင့် ကိုက်ညီရှင်းလင်းဖွင့်ဆိုထားသော ကာကွယ်စောင့်ရှောက်မှုများစာတမ်းကို ပုံနှိပ်ကာ သက်ဆိုင်သော အကျိုးဆက်စပ်သူများအားလုံးထံသို့ ဖြန့်ဝေပေးရပါမည်။

## သတင်းစနစ်များနှင့် ရင်းမြစ်များကို သတ်မှတ်ဖော်ထုတ်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အားကောင်းစေခြင်း

လမ်းပြမြေပုံအလုပ်ရုံဆွေးနွေးပွဲတွင် ဤလုပ်ငန်းကို အခြားလုပ်ငန်းများကဲ့သို့ အသေးစိတ်ဆွေးနွေးခဲ့ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် တက်ရောက်သူများက ဤလုပ်ငန်းအတွက် အစီအစဉ်ရေးဆွဲရန် စောလွန်းနေသေးသည်ဟု ထင်မြင်ယူဆကြောင်း ထုတ်ဖော်ပြောကြားကြသောကြောင့် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံ၏ အခြေအနေများနှင့် ကိုက်ညီရှင်းလင်းသည့် လုပ်ငန်းများ အတန်အသင့်ခရီးပေါက်မှသာ SIS ကို တည်ထောင်ခြင်းသည် အကျိုးအရှိဆုံးဖြစ်နိုင်ပါလိမ့်မည်။ ထို့ပြင် ဤလုပ်ငန်းကို ကူညီပံ့ပိုးပေးရန်အတွက် အကြံပေးအရာရှိတစ်ဦးငှားရမ်းရန် ကိစ္စမှာလည်း သဘောတူညီချက် ရယူရန် လိုအပ်နေပါသေးသည်။

သို့သော် အောက်ပါလုပ်ငန်းအဆင့်များကို သတ်မှတ်ဖော်ထုတ်ကာ ဆွေးနွေးခဲ့ပါသည်။

### ၁) သင့်လျော်သည့် သတင်းစနစ်များကို ဆန်းစစ်အကဲဖြတ်ခြင်း

အကျိုးအပြစ်လေ့လာဆန်းစစ်ချက်၊ PLR သုံးသပ်လေ့လာမှုနှင့် ကာကွယ်စောင့်ရှောက်မှုများကို ကိုက်ညီရှင်းလင်းခြင်းတို့မှ ထွက်ပေါ်လာသော ရလဒ်များကို အခြေခံကာ SIS အတွက် သတင်းလိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ အကြံပေးအရာရှိတစ်ဦးမှတစ်ဆင့်လည်း လုပ်ဆောင်ကောင်း လုပ်ဆောင်နိုင်ပါသည်။ SIS အတွက် ပါဝင်ကူညီပေးနိုင်မည့် အဖွဲ့အစည်းများကို သတ်မှတ်ဖော်ထုတ်ရန်အတွက် မြန်မာနိုင်ငံတွင် ရှိနေသည့် သတင်းရင်းမြစ်များနှင့် သင့်လျော်သည့် သတင်းစနစ်များကို သုံးသပ်လေ့လာနိုင်ပါသည်။ လမ်းပြမြေပုံအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများက ထိုသုံးသပ်လေ့လာမှုတွင် သတင်းအချက်အလက်များ ပေးနိုင်သည့် အလားအလာရှိသော အဖွဲ့အစည်းအမျိုးမျိုးကို ထည့်သွင်းလေ့လာသင့်သည်ဟု အကြံပြုထားပါသည် (အပိုင်း ၆ ရှိ ဇယားမှ အောက်ခြေမှတ်စုများကို ကြည့်ပါ)။

### ၂) သတင်းအချက်အလက်များကို စုဆောင်းရန်၊ အတည်ပြုရန်နှင့် ထုတ်ဝေရန်အတွက် ညွှန်ကိန်းများနှင့် နည်းစနစ်များကို ပြုစုသတ်မှတ်ခြင်း

SIS စနစ်တွင် ပါဝင်ရမည့် သတင်းအချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ဒီဇိုင်းမူဘောင် ရေးဆွဲရာတွင် ပထမဆုံးလုပ်ဆောင်ရမည့် အဆင့်မှာ SIS မှ ပံ့ပိုးပေးရမည့် သတင်းအချက်အလက်များ၏ ယေဘုယျဖွဲ့စည်းပုံတစ်ခုကို သဘောတူသတ်မှတ်ရန် ဖြစ်ပါသည်။ ညွှန်ကိန်းတစ်ခုချင်းစီမှ လွှမ်းခြုံရမည့် အကြောင်းအရာများကို သတ်မှတ်ဆုံးဖြတ်ခြင်းလည်း ပါဝင်ပါသည်။

လမ်းပြမြေပုံအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများက SIS စနစ် တည်ထောင်ရန်အတွက် အသေးစိတ်အစီအစဉ်များ ရေးဆွဲရန် စောလွန်းနေသေးသည်ဟု ယူဆချိန်တွင် အချို့ကလည်း ညွှန်ကိန်းများသည် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ဖော်ပြပြောဆိုကြပါသည်။ သို့သော် ထည့်သွင်းရမည့် ညွှန်ကိန်းများ၏ အမျိုးအစားနှင့် လွှမ်းခြုံရမည့် အကြောင်းအရာများကို ပိုမိုအသေးစိတ်စဉ်းစားသုံးသပ်ဖို့ လိုအပ်နေပါသေးသည်။ ထို့ပြင် SIS မှ ပေးသော သတင်းအချက်အလက်များသည် စိတ်ချယုံကြည်ရပြီး လက်လှမ်းမီနိုင်ကြောင်း သေချာအောင် အသုံးပြုရမည့် နည်းလမ်းနှင့်စပ်လျဉ်း၍ အခြေခံဆုံးဖြတ်ချက်များကို ချမှတ်ဖို့လည်း လိုအပ်ပါသည်။ ထိုအခါ တက်ရောက်သူအချို့က သတင်းအချက်အလက်များကို အင်တာနက်မှတစ်ဆင့်သာ ဖြန့်ဝေပေးမည်ဆိုပါက အကျိုးဆက်စပ်သူအားလုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ဟု ထုတ်ဖော်ပြောဆိုကြ

ပါသည်။ SIS အတွင်းသို့ ထည့်သွင်းမည့် သတင်းအချက်အလက်များကို အတည်ပြုရာတွင် အကျိုးဆက်စပ်သူများ၏ အခန်းကဏ္ဍကိုလည်း ဖော်ထုတ်တင်ပြခဲ့ကြပါသည်။ သို့သော် အသေးစိတ်ဆွေးနွေးခဲ့ခြင်း မရှိပါ။

### ၃) သတင်းစနစ်များအတွင်းရှိ ကွာဟချက်များကို ဖြည့်ဆည်းခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ အစီအမံများကို စီမံထားရှိခြင်း

SIS ဒီဇိုင်းမူဘောင်ကို ရေးဆွဲပြီးသည်နှင့် ရှိနေသော အဖွဲ့အစည်းများ၏ လက်ရှိ လုပ်ပိုင်ခွင့်များ၊ တာဝန်များ၊ အရင်းအမြစ်များဖြင့် ဖြေရှင်းနိုင်ခြင်းမရှိသည့် SIS တွင် ပါဝင်သည့် သတင်းအချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုတို့နှင့်စပ်လျဉ်းသည့် ကွာဟချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ပြီဖြစ်ပါသည်။ ဤလုပ်ငန်းအဆင့်ကို လမ်းပြမြေပုံအလုပ်ရုံဆွေးနွေးပွဲတွင် အသေးစိတ်ဆွေးနွေးခဲ့ခြင်း မရှိပါ။

### ကာကွယ်စောင့်ရှောက်မှုများကို လက်တွေ့ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အစီအမံများကို သတ်မှတ်ဖွင့်ဆိုခြင်း

ကာကွယ်စောင့်ရှောက်မှုများကို ကိုင်တွယ်ဆောင်ရွက်နေကြောင်း၊ လေးစားလိုက်နာနေကြောင်း သေချာအောင် လုပ်ဆောင်ရန် မည်သူတို့တွင် တာဝန်ရှိသနည်း၊ PaM များကို ချမှတ်သည့် အဆင့်တွင်ရော၊ အမှန်တကယ် အကောင်အထည်ဖော်သည့်အဆင့်တွင်ပါ မည်သို့လုပ်ဆောင်ရမည်ဆိုသည်တို့ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ဆောင်ဖို့ လိုအပ်ကြောင်း လမ်းပြမြေပုံအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သဘောတူခဲ့ကြပါသည်။ ကာကွယ်စောင့်ရှောက်မှုများကို လက်တွေ့ကျင့်သုံးလုပ်ဆောင်ရန်အတွက် မူဘောင်ထဲတွင် နစ်နာမှုများတိုင်ကြားဖြေရှင်းပေးသည့် ယန္တရားတစ်ခု နှင့်/သို့မဟုတ် သက်ရောက်မှု လေ့လာဆန်းစစ်သည့် လုပ်ထုံးလုပ်နည်းများ၏ အခန်းကဏ္ဍကိုလည်း ဖော်ပြခဲ့ကြပါသည်။

ဤလုပ်ငန်းအတွက် အသေးစိတ်ဆွေးနွေးမှုများ မပြုလုပ်ခဲ့ဘဲ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရန်မှာ စောလွန်းနေသေးသည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။ သို့သော် အစီအစဉ်ရေးဆွဲထားသော အစီအမံများသည် မြန်မာနိုင်ငံ၏ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ ချဉ်းကပ်နည်း၏ အခြားအပိုင်းကဏ္ဍများနှင့် စပ်လျဉ်းသော ဆုံးဖြတ်ချက်များအတွက် လမ်းညွှန်များ ရရှိရန် အသုံးပြုကောင်း ပြုနိုင်မည် ဖြစ်ပါသည်။ ဥပမာ ကာကွယ်စောင့်ရှောက်မှုများကို နိုင်ငံအခြေအနေများနှင့် ကိုက်ညီရှင်းလင်းခြင်းအတွက် ပုံစံ သို့မဟုတ် SIS အတွက် ဒီဇိုင်းတို့ကို ရွေးချယ်ရာတွင် ထိုအစီအမံများကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။

ကာကွယ်စောင့်ရှောက်မှုများကို လက်တွေ့ကျင့်သုံးရန်အတွက် စီမံထားရှိသော အစီအမံများသည် REDD+ အတွက် နိုင်ငံမှ မဟာဗျူဟာကျချဉ်းကပ်ဆောင်ရွက်မည့် ယေဘုယျနည်းလမ်းနှင့် သဟဇာတဖြစ်အောင် လုပ်ဆောင်ဖို့ လိုအပ်ပါသည်။ ထိုအတွက် လုပ်ဆောင်နိုင်သည့်အရာတစ်ခုမှာ ဤလုပ်ငန်းကို အမျိုးသား REDD+ မဟာဗျူဟာရေးဆွဲမှုလုပ်ငန်းစဉ်နှင့် ချိတ်ဆက်ပေးဖို့ ဖြစ်ပါသည်။ အစီအမံများကို လက်တွေ့ကျပြီး ကူညီပံ့ပိုးမှုများ တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ရရှိအောင် ဒီဇိုင်းရေးဆွဲနိုင်ရန်အတွက် အဓိကကျသော REDD+ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းကို ထည့်သွင်းပြုလုပ်ရန် ရည်ရွယ်ထားသင့်ကြောင်းလည်း အကြံပြုကြပါသည်။

## ၆။ အဓိကလုပ်ဆောင်မည့်သူများနှင့် အချိန်ကာလသတ်မှတ်ချက်များအပါအဝင် ဦးစားပေးလုပ်ငန်းများအတွက် လုပ်ငန်းအစီအစဉ်

| ဆောင်ရွက်မည့်လုပ်ငန်း | ဦးဆောင်/ လမ်းညွှန်မည့်သူ | ပါဝင်ဆောင်ရွက်မည့်သူ | တာဝန်ဝတ္တရားများ | အချိန်ကာလသတ်မှတ်ချက် | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | Q1, Q2 ၂၀၁၇ | Q3, Q4 ၂၀၁၇ | Q1, Q2 ၂၀၁၈ | Q3, Q4 ၂၀၁၈ | Q1, Q2 ၂၀၁၉ | Q3, Q4 ၂၀၁၉ |
| **က။ အကျိုးဆက်စပ်ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း** | | | | | | | | | |
| က-၁။ အကျိုးဆက်စပ်ပတ်သက်သူများနှင့်စပ်လျဉ်းသည့် နောက်ဆုံးအချက် အလက်များကို စဉ်ဆက်မပြတ် လေ့လာမှတ်တမ်းတင်ခြင်း၊ အခြားသော သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း (TWG တွင် အဖွဲ့ဝင်သစ်များ ထပ်မံထည့်သွင်းဖွဲ့စည်းရန် အလားအလာရှိ) | TWG-SES | TWG-SES၊ သက်ဆိုင်ရာဝန်ကြီးဌာနများ | အဆိုပြုလွှာများပြုစုခြင်း/ လေ့လာမှတ်တမ်းတင်ရန် ပြင်ဆင်ခြင်းများအတွက် တာဝန်ရှိသူများ - PMU၊ Stakeholder Engagement Specialist | XXX | X | X | X | X | X |
| က-၂။ **အကျိုးဆက်စပ်ပတ်သက်သူများအတွက် (TWG အဖွဲ့ဝင်များအတွက် အပါအဝင်) ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ သင်တန်းများနှင့် စွမ်းရည်မြှင့်တင်မှုများ ဆက်လက်ပြုလုပ်ပေးခြင်း –** <u>*ဦးစားပေးအဆင့်များ သတ်မှတ်ဆောင်ရွက်ရန် လိုအပ်*</u> | TWG-SES | TWG-SES၊ သင်တန်းအကြောင်းအရာအလိုက် အခြားသင့်လျော်သည့် အကျိုးဆက်စပ်ပတ်သက်သူများ | သင်တန်းများပေးရန် တာဝန်ရှိသူများ - PMU၊ UNEP-WCMC၊ National Safeguards Consultant<br><br>ဦးစားပေးရမည့် သင်တန်းများကို သတ်မှတ်ရွေးချယ်ခြင်းနှင့် အချိန်ဇယားရေးဆွဲခြင်းအတွက် တာဝန်ရှိသူ - PMU | XXX (တတ်နိုင်သမျှ အမြန်ဆုံး) | X | X | | | |

| ဆောင်ရွက်မည့်လုပ်ငန်း | ဦးဆောင်/ လမ်းညွှန်မည့်သူ | ပါဝင်ဆောင်ရွက်မည့်သူ | တာဝန်ဝတ္တရားများ | အချိန်ကာလသတ်မှတ်ချက် | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | Q1, Q2 ၂၀၁၇ | Q3, Q4 ၂၀၁၇ | Q1, Q2 ၂၀၁၈ | Q3, Q4 ၂၀၁၈ | Q1, Q2 ၂၀၁၉ | Q3, Q4 ၂၀၁၉ |
| က-၃။ ချမှတ်ကျင့်သုံးရန် အလားအလာရှိသည့် PaM များ၏ အကျိုးအပြစ်များဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေဖလှယ်ခြင်း | TWG-SES) | TWG-SES; တိုင်ပင်ဆွေးနွေးမှုများမှ ရရှိသော အချက်အလက်များ၊ အကြံဉာဏ်များ၊ အလုပ်ရုံဆွေးနွေးပွဲမှတ်စုတွင် ဖော်ပြထားသော အကျိုးဆက်စပ်သူအုပ်စုများအားလုံး၊[20] အကျိုးဆက်စပ်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှုစီမံကိန်းအတွက် အချိန်နှင့် အရင်းအမြစ်များ ရနိုင်မှုပေါ်မူတည်ကာ တတ်နိုင်သမျှ ဆောင်ရွက်ရန်။ | တိုင်ပင်ဆွေးနွေးပွဲများကျင်းပရန်နှင့် သတင်းအချက်အလက်များမျှဝေရန်အတွက် တာဝန်ရှိသူ - UNEP-WCMC နှင့် National Safeguards Consultant ထံမှ အကြံဉာဏ်၊ အကူအညီများဖြင့် Stakeholder Engagement Specialist မှ ဆောင်ရွက်ရန်၊ | X | X | X | X | | |

[20]၎င်းတို့မှာ - REDD+ အထူးလုပ်ငန်းအဖွဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကဏ္ဍ (သစ်လုပ်ငန်းနှင့်ဆက်နွယ်သော လုပ်ငန်းရှင်များ)၊ ရပ်ရွာလူထု၊ တိုင်းရင်းသား၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများ၊ ပညာရှင်များ (ပါမောက္ခများ၊ သုတေသနပညာရှင်များ)၊ PMP။ အကျိုးအပြစ်ဆန်းစစ်ချက်ဆိုင်ရာ လုပ်ငန်းအဖွဲ့မှလည်း ဤအုပ်စုများထဲမှ အချို့အတွက် ပိုမိုတိကျသော အကြံပြုချက်များ ပေးခဲ့ပါသည်။ ဥပမာ သစ်တောနှင့် မြေအသုံးချမှုနှင့် ဆက်နွယ်သော ဝန်ကြီးဌာနများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အုပ်ချုပ်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ SME ဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများတို့ ဖြစ်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလည်း ပါဝင်နိုင်ပါသည်။

| ဆောင်ရွက်မည့်လုပ်ငန်း | ဦးဆောင်/ လမ်းညွှန်မည့်သူ | ပါဝင်ဆောင်ရွက်မည့်သူ | တာဝန်ဝတ္တရားများ | အချိန်ကာလသတ်မှတ်ချက် | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | Q1, Q2 ၂၀၁၇ | Q3, Q4 ၂၀၁၇ | Q1, Q2 ၂၀၁၈ | Q3, Q4 ၂၀၁၈ | Q1, Q2 ၂၀၁၉ | Q3, Q4 ၂၀၁၉ |
| က-၄။ ကာကွယ်စောင့်ရှောက်မှုများဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မည့်နည်းလမ်းအတွက် ရရှိလာသော သတင်းအချက်အလက်များကို ထည့်သွင်းစဉ်းစားအသုံးပြုခြင်း | TWG-SES | TWG-SES နှင့် TWG D&S | TWG-SES အတွက် မူကြမ်း များ ပြုစုခြင်းနှင့် လုပ်ငန်း ဆွေးနွေးပွဲ/ စိစစ်အတည်ပြုမှု အစည်းအဝေး ကျင်းပရန် အတွက် တာဝန်ရှိသူ - UNEP-WCMC နှင့် PMU ၏ ကူညီပံ့ပိုးမှုဖြင့် National Safeguards Consultant မှ ဆောင်ရွက်ရန်၊ | | X | X | X | | |
| **ခ။ ချမှတ်ကျင့်သုံးနိုင်ခြေရှိသော မူဝါဒများနှင့် နည်းလမ်းများကို ဆန်းစစ်အကဲဖြတ်ခြင်း** | | | | | | | | | |
| ခ-၁။ အဆိုပြုထားသော PaM များ၏ အကျိုးအပြစ် များကို အကျိုးဆက်စပ်သူ များနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခြင်းစီမံကိန်းမှ ရလဒ်များကို အခြေခံကာ ဆန်းစစ်လေ့လာခြင်း။ | TWG-SES (REDD+ အထူးလုပ်ငန်းအဖွဲ့သို့ လိုအပ် သလို အစီရင်ခံ တင်ပြရန်) | အချက်အလက်၊ အကြံဉာဏ်များပေးခြင်း - အကျိုးဆက်စပ်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှု စီမံကိန်း၏ တိုင်ပင်ဆွေးနွေးမှုများတွင် ပါဝင်သူများ (အပေါ်တွင်ကြည့်ရန်)၊ TWG-SES နှင့် TWG D&S | TWG-SES အတွက် မူကြမ်း များ ပြုစုခြင်းနှင့် လုပ်ငန်း ဆွေးနွေးပွဲ/ စိစစ်အတည်ပြုမှု အစည်းအဝေး ကျင်းပရန် အတွက် တာဝန်ရှိသူ - UNEP-WCMC နှင့် PMU ၏ ကူညီပံ့ပိုးမှုဖြင့် National Safeguards Consultant မှ ဆောင်ရွက်ရန်၊ | X (နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့်) | X (နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့်) | X (နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့်) | | | |

| ဆောင်ရွက်မည့်လုပ်ငန်း | ဦးဆောင်/ လမ်းညွှန်မည့်သူ | ပါဝင်ဆောင်ရွက်မည့်သူ | တာဝန်ဝတ္တရားများ | အချိန်ကာလသတ်မှတ်ချက် | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | Q1, Q2 ၂၀၁၇ | Q3, Q4 ၂၀၁၇ | Q1, Q2 ၂၀၁၈ | Q3, Q4 ၂၀၁၈ | Q1, Q2 ၂၀၁၉ | Q3, Q4 ၂၀၁၉ |
| **၁။ PLR များ၊ ၎င်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လိုအပ်သော အဖွဲ့အစည်းဆိုင်ရာ အစီအမံများကို သတ်မှတ်ဖော်ထုတ်ခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အားကောင်းစေခြင်း** | | | | | | | | | |
| ကာကွယ်စောင့်ရှောက်မှုများကို ကိုင်တွယ်ဆောင်ရွက် ခြင်း၊ လေးစား လိုက်နာခြင်း တို့နှင့်စပ်လျဉ်းသည့် PLR ဆန်းစစ်အကဲဖြတ်မှု | TWG-SES | တိုင်ပင်ဆွေးနွေးရမည့်/ သတင်းအချက်အလက် များပေးရမည့်သူများ - ကွန်ရက်အဖွဲ့ဝင်များ၊ PLR များအတွက် တာဝန် ရှိသော ဌာနအဖွဲ့အစည်း များမှ သက်ဆိုင်ရာ ဝန်ထမ်းများ၊ လွှတ်တော် ၏ ရေးရာကော်မတီများ၊ DICA[21] | ဆန်းစစ်အကဲဖြတ်မှုအစီရင်ခံစာ မူကြမ်းပြုစုခြင်း -National Safeguards Consultant နှင့် UNEP-WCMC တို့မှ ပိုမို ကျယ်ပြန့်သော PLR သုံးသပ် လေ့လာရေးကို တာဝန်ယူ ဆောင်ရွက်နေသော ပညာရှင် အဖွဲ့မှ ရရှိသည့် အချက်အလက် များကို အခြေခံကာ ဆောင်ရွက် ရန်၊<br><br>နည်းပညာကူညီပံ့ပိုးမှု - သက်ဆိုင်ရာကဏ္ဍများမှ ကျွမ်းကျင်ပညာရှင်များ<br><br>မူကြမ်းများကို ပြန်လည် သုံးသပ်ခြင်း - အဖွဲ့ဝင်များအားလုံး [22] | | X | X | | | |
| ၁-၂။ PLR များတွင် ကွာဟချက်များရှိပါက ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများကို သတ်မှတ်ဖော်ထုတ်ခြင်း | | | | | X | X | | | |

[21] အောက်ပါ စာမျက်နှာအောက်ခြေမှတ်စုကို ကြည့်ပါ။

[22] လမ်းပြမြေပုံအလုပ်ရုံဆွေးနွေးပွဲအတွင်း မူကြမ်းကို ပြန်လည်သုံးသပ်မည့် 'အဖွဲ့'တွင် အောက်ပါအဖွဲ့အစည်းများကို ထည့်သွင်းရန် အကြံပြုခဲ့ကြပါသည် - (နောက်ဆက်တွဲ ၂ ရှိ မှတ်စုများကို ကြည့်ရန်) – MONREC၊ MOALI၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ MOHA၊ MOEA၊ MOPF (DICA)၊ MOEE၊ MOC၊ စက်မှုဝန်ကြီးဌာန၊ MSW၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ YCDC/MCDC၊ လွှတ်တော်ကိုယ်စားလှယ်များ၊ MERN ကွန်ရက်၊ FSWG ကွန်ရက်၊ LCG၊ POINT၊ မေတ္တာဖွံ့ဖြိုးမှုဖောင်ဒေးရှင်း၊ CFNWG၊ FLEGT၊ EITI၊ MFPMF၊ CHRO၊ UMFCCI (?)၊ ဘတ်ဂျက်၊ LIOH၊ MRLG၊ FLU၊ TNI။

လက်တွေ့တွင် လုပ်ငန်းများဆောင်ရွက်သောအခါ ပါဝင်မည့် အဖွဲ့အစည်းအရေအတွက်သည် နိုင်နိုင်နင်းနင်း စီမံခန့်ခွဲနိုင်သော အရေအတွက်ဖြစ်ရန် လိုအပ်ပြီး ရှိနှင့်ပြီးသော ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အစည်းများမှ တစ်ဆင့် ဆောင် ရွက်ရပါမည်။ ထို့ကြောင့် ပြန်လည်သုံးသပ်ရေးအဖွဲ့တွင် အောက်ပါအဖွဲ့အစည်းများကိုသာ ကန့်သတ်ထည့်သွင်းရန် အကြံပြုပါသည်။ TWG-SES၊ TWG D&S၊ REDD+ အထူးလုပ်ငန်းအဖွဲ့။ ဤအုပ်စုများတွင် အဆိုပြုထားသော အဖွဲ့ဝင်အများအပြားကို ကိုယ်စားပြုသူများ ပါဝင်ပြီးဖြစ်ပါသည်။ အခြားသော အဆိုပြုထားသည့်အဖွဲ့ဝင်များကို ပြန်လည်သုံးသပ်မှုမှ ရလဒ်များကို အသိပေးတင်ပြရမည့် အဖွဲ့အစည်းများစာရင်းတွင် ထည့်သွင်းထားသင့်ပါသည်။

| ဆောင်ရွက်မည့်လုပ်ငန်း | ဦးဆောင်/ လမ်းညွှန်မည့်သူ | ပါဝင်ဆောင်ရွက်မည့်သူ | တာဝန်ဝတ္တရားများ | အချိန်ကာလသတ်မှတ်ချက် | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | Q1, Q2 ၂၀၁၇ | Q3, Q4 ၂၀၁၇ | Q1, Q2 ၂၀၁၈ | Q3, Q4 ၂၀၁၈ | Q1, Q2 ၂၀၁၉ | Q3, Q4 ၂၀၁၉ |
